www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# တူးမြတ်ကြယ်

# နှစ်သက်နှင်းဆီ

စီစဉ်သူ - ဦးအောင်စိုး (မုဒ္ဒ)


စာမူခွင့်ပြုချက်အမှတ် – ၅၀၀၇၄၄၀၆၁၁

အဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၇၆၁၀၇၁၁

ထုတ်ဝေသူ – ဦးကိုကိုမြင့် (သိန်းမင်းစာပေ)
အမှတ်(၆၃)၊ ဩဘာလမ်း၊ တာမွေမြို့နယ်။

အတွင်းနှင့်အဖုံးပုံနှိပ်သူ – ဦးကျင်ရင် (၀၅၄၁၇) (ရွှေခြသေ့်ပုံနှိပ်တိုက်)
အမှတ်(၂၂၅)၊ ၃၂-လမ်း၊ ပန်းဘဲတန်းမြို့နယ်။

ထုတ်ဝေသည့်အကြိမ် – ပထမအကြိမ်၊ ၂၀၁၁၊ စက်တင်ဘာလ။

အုပ်ရေ/ တန်ဖိုး – ၅၀၀ အုပ်/ ၁၀၀၀ ကျပ်

ဖြန့်ချိရေး – **ဒုနစ်စဉ်ကြယ်စာပေ**

အမှတ် ၁၇၅-ဘီ၊ ၃၁-လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

ဖုန်း - ၀၉ ၇၃၀၅၁၆၆၄၊ ၀၉ ၇၃၁၂၆၃၅၈



၈၉၅.၈၃

တူးမြတ်ကြယ်

နှစ်သက်နှင်းဆီ / တူးမြတ်ကြယ် ။ - ရန်ကုန်၊

သိန်းမင်းစာပေ ၊ ၂၀၁၁ ။

၁၄၀ - စာ ၊ ၁၃ × ၂၀ စင်တီ။

(၁) နှစ်သက်နှင်းဆီ


www.burmeseclassic.com

www.burmeseclassic.com

# ထူးမြတ်ကြယ်

# နှစ်သက် နှင်းဆီ

www.burmeseclassic.com

www.burmeseclassic.com

# ထူးမြတ်ကြယ်

# နှစ်သက်နှင်းဆီ

စီစဉ်သူ - ဦးအောင်စိုး (မုဒ္ဒ)

စာမူခွင့်ပြုချက်အမှတ် – ၅၀၀၇၄၄၀၆၁၁
အဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၇၆၁၀၇၁၁
ထုတ်ဝေသူ – ဦးကိုကိုမြင့် (သိန်းမင်းစာပေ)
အမှတ်(၆၃)၊ ညြဘာလမ်း။ တာမွေမြို့နယ်။
အတွင်းနှင့်အဖုံးပုံနှိပ်သူ – ဦးကျင်ရင် (၀၅၄၁၇) (ရွှေခြသေ့ပုံနှိပ်တိုက်)
အမှတ်(၂၂၅)၊ ၃၂-လမ်း။ ပန်းဘဲတန်းမြို့နယ်။
ထုတ်ဝေသည့်အကြိမ် – ပထမအကြိမ်၊ ၂၀၁၁၊ စက်တင်ဘာလ။
အုပ်ရေ/ တန်ဖိုး – ၅၀၀ အုပ်/ ၁၀၀၀ ကျပ်

ဖြန့်ချိရေး – **ခုနစ်စဉ်ကြယ်စာပေ**

အမှတ် ၁၇၅-ဘီ၊ ၃၁-လမ်း။ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

ဖုန်း - ၀၉ ၇၃၀၅၁၆၆၄

၈၉၅.၈၃

ထူးမြတ်ကြယ်

နှစ်သက်နှင်းဆီ / ထူးမြတ်ကြယ် ။ - ရန်ကုန်၊

သိန်းမင်းစာပေ ၊ ၂၀၁၁ ။

၁၄၀ - စာ ၊ ၁၃ × ၂၀ စင်တီ။

(၁) နှစ်သက်နှင်းဆီ

www.burmeseclassic.com

ကိုယ့်နှလုံးသား
ငြိမ်ငြိမ်လေး ထိုင်နေပါ။
ရင်ခုန်သံတွေ
နိုးထမလာပါစေနှင့်
ကိုယ့်အတွက်
ချစ်ဖို့ အဆင်သင့်မဖြစ်သေးလို့ပါနော်။

www.burmeseclassic.com

www.burmeseclassic.com

"ဟော့ကောင် တုတ်ကြီး"

ခေါ်သံကြောင့် သူ စတွန့်သွားသည်။ တုတ်ကြီးဆိုတာ သူ့ကိုခေါ်မှန်းသိ၍ လှည့်မကြည့်လို့ကလည်းမဖြစ်။ ထို့ကြောင့် လှည့်ကြည့်လိုက်ရ၏။

"ငါ ... မသား၊ လင်းလင်း"

လှမ်းအော်ခေါ်နေသော လင်းလင်းကို သူ့နှုတ်မှ ခပ်တိုးတိုး ဆဲသည်။

"တုတ်ကြီး၊ မင်းကို ငါတို့လိုက်ရှာနေတာကွ၊ ဖြိုးမောင်နဲ့ သားကြီးက မင်းကို စာကြည့်တိုက်ဘက် သွားရှာနေတယ်၊ ပြီးရင် ညနေ ချစ်လမ်းဆုံမှာ ဆုံဖို့ ချိန်းခဲ့ကြတာပဲ"

"ဟော့ အေး၊ လာဘူး၊ မင်းတို့နဲ့ ပေါင်းရသင်းရတာ ငါ့အိတ်ထဲက ပိုက်ဆံတွေ အရည်ပျော်တယ်"

ဒါ အမှန်ပဲဖြစ်သည်။ ဒီကောင်တွေနှင့်သွားလာစား သောက်တိုင်း သူပဲ ကုန်ကျတာများသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဟော့ကောင် တုတ်ကြီး"

ခေါ်သံကြောင့် သူ စတွန့်သွားသည်။ တုတ်ကြီးဆိုတာ သူ့ကိုခေါ်မှန်းသိ၍ လှည့်မကြည့်လို့ကလည်းမဖြစ်။ ထို့ကြောင့် လှည့်ကြည့်လိုက်ရ၏။

"ငါ ... မသား၊ လင်းလင်း"

လှမ်းအော်ခေါ်နေသော လင်းလင်းကို သူ့နှုတ်မှ ခပ်တိုးတိုး ဆဲသည်။

"တုတ်ကြီး၊ မင်းကို ငါတို့လိုက်ရှာနေတာကွ၊ ဖြိုးမောင်နဲ့ သားကြီးက မင်းကို စာကြည့်တိုက်ဘက် သွားရှာနေတယ်၊ ပြီးရင် ညနေ ချစ်လမ်းဆုံမှာ ဆုံဖို့ ချိန်းခဲ့ကြတာပဲ"

"ဟော့ အေး၊ လာဘူး၊ မင်းတို့နဲ့ ပေါင်းရသင်းရတာ ငါ့အိတ်ထဲက ပိုက်ဆံတွေ အရည်ပျော်တယ်"

ဒါ အမှန်ပဲဖြစ်သည်။ ဒီကောင်တွေနှင့်သွားလာစေး သောက်တိုင်း သူပဲ ကုန်ကျတာများသည်။



www.burmeseclassic.com

www.burmeseclassic.com


ဒါလည်း အကြောင်းရှိ၏။

ကောင်မလေးချောချောလေးတွေရှိသောနေရာ သို့မဟုတ် အလန်းစားလေးတွေ ကောင်တာထိုင်သောဆိုင်များတွင် သူ့ကို တုတ်ကြီးဟုမခေါ်စေရပါ။ အဲသလိုမခေါ်အောင် ပါးစပ်ပေါက်တွေကို ကျွေးမွေးပိတ်ဆို့ထားရသည်။

ဒီကောင်တွေကလည်း စားသောက်နေတုန်းဆိုလျှင် လုံးဝ မခေါ်ပါ။ အဲ စားသောက်ပြီးနောက်ပိုင်းတွင် ယခုလိုပဲ ပုံမှန်ပြန် ဖြစ်သွား၏။

"မင်းမကုန်ရပါဘူး တုတ်ကြီးရ၊ အခု ဖြိုးမောင်နဲ့ သားကြီးက ကျွေးမှာ၊ သူတို့နှစ်ယောက် အလုပ်ရသွားပြီကွ"

ကြားရတဲ့သတင်းကတော့ ကောင်းသည်။ အလုပ်နဲ့ အကိုင်နဲ့မအားပါက သူ့ကိုဒုက္ခပေးဖို့ အချိန်လျော့သွားပြီ။

"မင်းကရော ... အလုပ်မရသေးဘူးလား လင်းလင်း"

"ငါ့စိတ်ကြိုက်ရဖို့ဆိုရင် ကြာမယ်ကွ"

သူ့စိတ်ထဲက သေလိုက်ပါလားဟု ပြောမိသည်။ ပါးစပ် ကတော့ ...

"ရှောက်သီးဆေးပြားရောင်းကွာ၊ ဒါမှမဟုတ် ဒီဖိုင်နာ လုပ်ရင်လုပ်၊ အလှပြင်ချင်ပြင်"

သူက လင်းလင်းကိုမိန်းမလျာနာမည်နှင့်တူသောကြောင့် ထိုအကြံမျိုးကိုပေးလိုက်ခြင်းဖြစ်၏။ ဒါပေမယ့် ... လင်းလင်းက မနာ။

"ငါ့နာမည် လင်းလင်းက လုပ်စားရင် အဆင်ပြေတယ် ကွ၊ တုတ်ကြီးဆိုတဲ့ မင်းသာ"


www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လဲ"

"လုပ်စားရဖို့ဝေး ... မိန်းကလေးတွေက အနားမကပ်ရဲဖူး၊ ရည်းစားရဖို့ထား မိန်းမရဖို့ဆို ပိုပြီးတော့တောင် မဖြစ်နိုင်သေးတယ်၊ နာမည်ကြားရုံနဲ့ကြောက်ပြီးပြေးမှာလေ၊ တုတ်ကြီးတဲ့၊ ဟား ဟား ဟား ဟား"



www.burmeseclassic.com

www.burmeseclassic.com



သူက သူ့အရိပ်ကို သူမြင်တယ်။
ဒါပေမယ့် ....
သူ့ကိုယ်သူတော့ မမြင်ခဲ့ဘူး။

www.burmeseclassic.com

www.burmeseclassic.com

"အိမ်တစ်လုံးလောက် ဝယ်ဦးမယ်"

"ဝယ်ပေါ့"

သူပြောလိုက်တဲ့စကားကို မောင်သီက ခပ်ပေါ့ပေါ့ပဲ ပြန်ပြောသည်။ (မှတ်ချက်။ ။ ဒါရိုက်တာမောင်သီမဟုတ်ပါ။) သူ့သူငယ်ချင်းဖွဲ့သီဟကိုပြောခြင်းဖြစ်သည်။

မောင်သီက ဝယ်ပေါ့ပြောပေမယ့် စိုးလင်းဦးနှင့်ကျော်မင်းက အရေးတယူဂရုစိုက်ဟန်ပင်မပြ။ ပိုက်ဆံတွေ ထားစရာမရှိလို့ ဝယ်တာ ဝယ်ဝယ်ပေါ့ဆိုသောပုံစံမျိုးဖြင့် တစ်ယောက်က ဆေးလိပ်ကောက်ဖွာပြီး တစ်ယောက်က ရေနွေးငှဲ့သောက်နေ၏။

သူက ...

"အိမ်ထောင်ပြုပြီးရင် မိန်းမနဲ့ကလေးတွေနဲ့အတူနေဖို့ ဝယ်မှာ"

"ဟေ"

"ဘာပြောတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဝါး ဟား ဟား ဟား ဟား"

နောက်ထပ်ပြောလိုက်တဲ့ သူ့စကားကြားတော့မှ သုံးယောက်သား ဝါးလုံးကွဲထရယ်ကြတော့တာပဲ။

ပြီးမှ စိုးလင်းဦးက ...

"မင့်ဟာက အဆင့်ကျော်နေပြီ နေနိုင်ရ"

"အေးလေ၊ အိမ်ထောင်ပြုမယ်ဆိုလည်း ယူရမယ့်မိန်းမကို အရင်ရှာ၊ ရည်းစားထားပြီးမှ အားလုံးအိုကေတာနဲ့ နေဖို့ထိုင်ဖို့ မင်္ဂလာဆောင်ဖို့ စဉ်းစားရမှာမဟုတ်ဖူးလား"

ကျော်မင်းက ဝင်ထောက်သည်။ မောင်သီက ...

"ဝယ်ထားလည်း အိမ်၊ ခြံ၊ မြေက မရှုံးပါဘူး၊ ဒီကြားထဲ လက်ထပ်ရမယ့်ချစ်သူရည်းစားတွေ့တော့ အဆင်သင့်ဖြစ်တာပေါ့"

"ဒီကောင်နေနိုင်လုပ်နေပုံနဲ့ ဒီတစ်သက် မိန်းမကော ရနိုင်ပါဦးမလား မောင်သီရ"

စိုးလင်းဦး ပြောတာလည်း မလွန်ပေ။ သူ့ကို ကျောင်းပြီးကတည်းက မိဘတွေက အိမ်ထောင်ဖက်တစ်ယောက်ပြီးတစ်ယောက် ရှာပေးသည်။ မိတ်ဆွေသူငယ်ချင်းတွေက စပ်ပေးသည်။ သူကိုယ်တိုင်လည်း ကြိုးစားသည်။

သို့သော် ... တွေ့ပြီးတာနှင့်အိမ်ထောင်ပြုဖို့ စိတ်ကူးက ပျက်ပျက်သွားရ၏။ တကယ်ယူရမယ်ဆိုတော့ စိတ်ထဲ တစ်ခုခုလိုနေသည်။ ဘာလိုနေမှန်းမသိဘဲ တစ်ခုခုလိုနေတာတော့ အမှန်ပင်။

ဤသို့ဤပုံဖြင့် ကျောင်းပြီး၍ လုပ်ငန်းခွင်ဝင်တာ လေး



www.burmeseclassic.com

www.burmeseclassic.com


နှစ်ရှိပြီဖြစ်သော်လည်း ယခုထိ သူ မိန်းမ မရသေးပေ။ သူတို့သူငယ်ချင်းတွေထဲမှာ စိုးလင်းဦးရော၊ ကျော်မင်းပါ မိန်းမရှိသည်။ မောင်သီလည်း လက်ထပ်ရမည့်သူအရံသင့်။ မကြာခင် လက်ထပ်ကြတော့မည်။

သူ့တစ်ယောက်သာ အိမ်ထောင်ပြုဖို့ စိတ်ကူးလည်းရှိ၊ ကြိုးလည်းကြိုးစားပေမယ့် ယခုထိ အထမမြောက်သေးပေ။

"ဒီလိုလုပ် နေနိုင်"

"ပြော ... ကိုစိုး"

"မိန်းမယူဖို့ အဆင်မပြေရင် ယောကျ်ားယူဖို့ ကြိုးစားကြည့်ပါလား၊ ဟား ဟား ဟား ဟား"

www.burmeseclassic.com

www.burmeseclassic.com

"ဘာ! အိမ်ရောင်းမယ် ဟုတ်လား"

"အင်း လေ"

"ဘာလို့ရောင်းမှာလဲ"

"အရင်းအနှီးလုပ်မလို့"

"ဘုရား ဘုရား၊ အိမ်မရှိယာမရှိနေရတဲ့ဘဝကို ညည်း ဘယ်လောက်ခံစားနားလည်ဖူးလို့ ဒီလိုစကားပြောရတာလဲ"

"အိမ်ကြီးနဲ့နေပြီး စားစရာမရှိတဲ့ဘဝကရော ဘာ အဓိပ္ပါယ်ရှိလဲ ဒေါ်လေး"

"ညည်းအေ ... ထမင်းတစ်လုတ်အတွက်တော့ ဘာလုပ် လုပ်မငတ်ပါဘူး"

"ဟုတ်ပြီ၊ မငတ်ဖူးဘဲထား ... ရောဂါတစ်ခုခုဖြစ်ရင် ဆေးကုစရာ ဘယ်မှာလဲ ငွေ၊ ဒါကြောင့် ဖေဖေလည်း မသေသင့် ဘဲ သေခဲ့ရတာ၊ ရိုးရိုးဘွဲ့လေးရ့ထားရုံနဲ့ ဘာပဲလုပ်လုပ် အသေ ဟင်း မသေထမင်းစားရရုံပဲရှိမယ်၊ အိမ်ခေါင်မိုးမလုံရင်တောင်



www.burmeseclassic.com

www.burmeseclassic.com


မပြင်နိုင်ဘူး"

အိနှင်းဆီစကားက မှန်နေတော့ ဒေါ်လေးငြိမ်သွားသည်။ ယခုဆို တစ်ဦးတည်းသောသမီးဖြစ်သူ အိနှင်းဆီမှာ ဖေဖေလည်း မရှိ။ မေမေကလည်း တရားရိပ်ကို အပြီးခိုလှုံသွားပြီ။ ဒေါ်လေး ကိုယ်တိုင် မေမေရှိရာ တရားရိပ်လိုက်ချင်နေတာ အိနှင်းဆီ ရိပ်မိသည်။ သို့သော် ... တူမလေးတစ်ယောက်တည်း လောကအလည် ကျန်ခဲ့မှာကို စိတ်မချဖြစ်နေသည်။ မပြတ်မသားဖြစ်နေသော ဒေါ်လေးအနှောင်အဖွဲ့ကို ပြတ်အောင် ဖြတ်ပေးလိုက်တော့မည်။

"ဒေါ်လေးလည်း ဒီအိမ်ရောင်းပြီးရင် မေမေ့နောက်လိုက် သွားပါ၊ သမီးတစ်ကိုယ်ရေ တကာယရှေ့ဆက်ရမယ့် ဘဝလမ်းကို တိုးတက်အောင်မြင်အောင် ကြိုးစားနေထိုင်သွားမယ်၊ သမီးခံယူ ချက်ကလေ လူ့ဘဝမှာနေပြီး ထူးရင်ထူး မထူးရင်ရှူး၊ ရှူးရင် ရှူး၊ မရှူးရင် ထူးပဲ"

ဒီတူမစိတ်ကို ဘာဆိုတာသိထားပြီးသားမို့ အဒေါ်ဖြစ်သူ ၏ လက်ခံရုံမှတစ်ပါး အခြားမရှိပြီ။ ဒေါ်လေးကိုယ်တိုင်လည်း သေရင် ကိုယ့်နောက်ပါမယ့် တရားအလုပ်လုပ်ချင်နေတာလည်း အမှန်ပင်။

ခုတော့ ... သံယောဇဉ်အပူမီးကိုဖြတ်၍ ကိုယ့်လမ်း ကိုယ် လျှောက်ကြဖို့ပဲလို၏။

"သမီးအသက် နှစ်ဆယ်ပြည့်ပါပြီ ဒေါ်လေးရယ်၊ ဘဝကို ရင်ဆိုင်နိုင်တဲ့ခွန်အားနဲ့သတ္တိတွေအပြည့်ရှိနေပါပြီ၊ ပြီးတော့ အမှား အမှန်၊ အဆိုးအကောင်း အကျိုးအကြောင်းခွဲတတ်လို့ ဘာမှ ပူစရာ မလိုပါဘူး၊ နောက်ဆံမတင်းဘဲသွားပါ"



www.burmeseclassic.com

www.burmeseclassic.com


"အင်း လေ"

ဤသို့ဖြင့် အိမ်ထောင်ပရိဘောဂတွေကို ရောင်းတန်ရောင်း၊ ပစ်တန်ပစ်၊ ပေးတန်တာပေးလုပ်သည်။ အိမ်ကြီးက ရောင်းသာရောင်းရသော်လည်း သိပ်မကောင်းတော့ပေ။

သို့သော် အိမ်က ဈေးမကောင်းနိုင်ပေမယ့် ဝင်းနှင့်ခြံက ဈေးကောင်းရနိုင်ပါသည်။

ကဲ ... အိနှင်းဆီဆိုတဲ့ကောင်မလေးကတော့ သူဌေးဖြစ်ခွေးဖြစ် ဓွန့်စားလိုက်ပါပြီ။ လောကကြီးကို တစ်ယောက်တည်းရင်ဆိုင်ဖို့ ကြွေးကြော်ခဲ့၏။

"လောကကြီးရေ ... ငါ လာပြီ"

www.burmeseclassic.com

www.burmeseclassic.com

၁

အိမ်က သွပ်မိုးပျဉ်ကာ နှစ်ထပ်အိမ်။ သိပ်တော့ မကောင်းတော့ပါ။ သို့ပေမယ့် ဝင်းနှင့်ခြံက သူ့စိတ်ကြိုက်ဖြစ်နေသည်။ ပိုင်ဆိုင်သူအမည်ပေါက်က ဦးထွန်းမောင်။ လူကတော့ ကွယ်လွန်သွားပြီ။ လက်ရှိနေထိုင်သူက ဦးထွန်းမောင်မိန်းမရဲ့ညီမရင်းက ရောင်းမှာ။

"အဒေါ်က တစ်ယောက်တည်းနေတာလား"

"မဟုတ်ဘူးကွယ့်၊ တူမလေးတစ်ယောက်နဲ့နေတာ"

"တူမ"

"ဟုတ်တယ်၊ သေသွားတဲ့ဦးထွန်းမောင်ရဲ့တစ်ဦးတည်းသော သမီး"

"ဟာ ... ဒါဆို ဒီအိမ်ကိုပိုင်တာ အဒေါ်မဟုတ်ဖူးပေါ့၊ သေသွားသူရဲ့သမီးပဲပိုင်မှာပေါ့"

"ဒါပေါ့ ... သူရောင်းခိုင်းလို့ပဲရောင်းရတာ"

"ဗျာ ... ပိုင်ရှင်ကိုယ်တိုင်မရောင်းဘဲ ကျွန်တော်တို့က



www.burmeseclassic.com

www.burmeseclassic.com


ဘယ်လိုဝယ် ...”

“သူက ခရီးထွက်သွားတယ်၊ ပြီးတော့ အုပ်ထိန်းသူ အဒေါ်ရင်းတစ်ယောက်လုံးရှိနေရက်နဲ့ ဒီကိစ္စအတွက် သူ အချိန် ကုန်ခံမှာမဟုတ်ဘူး”

“ဒါ ဒါပေမယ့် ကျွန်တော်တို့က ပိုက်ဆံတွေ အများကြီး ပေးပြီးဝယ်ရမယ့်သူလေ၊ တော်ကြာ”

“ဟင်း ဟင်း၊ ဒီမှာ ပိုင်ဆိုင်မှုအထောက်အထားတွေ၊ ကိုယ်စားလှယ်လွှဲစာတွေရှိနေတာပဲ၊ ပြီးတော့ ဒီအိမ်ဒီရပ်ကွက်မှာ နှစ်ပေါင်းများစွာနေလာတာ ရပ်ကွက်သိတယ်၊ စာချုပ်ချုပ်ရင် ရပ်ကွက်လူကြီးတွေနဲ့ချုပ်မှာ ပိုသေချာချင်ရင် မင်းတို့ဘက်က သတင်းစာထဲပါ ထည့်ကြေညာပေါ့”

အိမ်ပိုင်ဆိုင်သူက အိမ်အရောင်းအဝယ်စာချုပ်လေးချုပ်ဖို့တောင် အချိန်မပေးနိုင်ဘူးဆိုတော့ လုပ်ငန်းတွေ အရမ်းကောင်းပြီး စီးပွားတွေ တော်တော်ဖြစ်ပုံရသည်။

ယခုလည်း အိမ်ဟောင်းကိုရောင်းပြီး အိမ်အသစ်ကြီး ဝယ်မည်ထင်သည်။ ဒါဆို ဒီကောင်မလေး တော်တော် အ,တာပဲ။ ခြံဝင်းနှင့်နေရာ ဒီလောက်ကောင်းတာ တိုက်တစ်လုံးဆောက်လိုက် ပြီးရော။ သူ အဲသလိုတောင် တွေးလိုက်မိသေး၏။

ဤသို့ဖြင့် ထိုအိမ်ကို သူ ဝယ်ဖြစ်ခဲ့သည်။ ပြီးလျှင် တစ်ထပ်(သို့) နှစ်ထပ်တိုက်တစ်လုံးဆောက်ပြီး မိသားစုလေးတစ်စု တည်ထောင်ကာနေမည်။

“အိမ်တော့ရပြီ၊ ဇနီးလောင်းပဲကျန်တော့တယ်”

“အင်းလေ၊ အသက်ကလည်းမငယ်တော့ဘူး၊ တဖြည်း


www.burmeseclassic.com

www.burmeseclassic.com


ဖြည်းနဲ့သုံးဆယ်နားကပ်လာပြီ"

"မပူပါနဲ့ကွာ၊ ဒီတစ်ခါ မင်း ဘယ်လိုမှ ဂျီးမများနိုင်တဲ့ မိန်းကလေးမျိုး ရှာပေးပါ့မယ်"

သူငယ်ချင်းတွေက သူ့အိမ်ထောင်ရေးနှင့်ပတ်သက်၍ ထိုသို့ အားပေးကြသည်။ ဟုတ်တော့ ဟုတ်နေပါပြီ။

"ဟော့ကောင် နေနိုင်"

"ဘာလဲ မောင်သီ"

"ဖူးစာရေးမြားနတ်မောင်ကို ဘီယာလေး၊ ကြက်ကင်လေးနဲ့ပူဇော်ပသကွာ၊ ဒါမှ ဖူးစာရေးနတ်က မ,စပြီး ချစ်သူမြန်မြန်ရမှာကွ"

"အေး ... ဟုတ်တယ်၊ ငါလည်း ထောက်ခံတယ်"

"တော်ပါ၊ မင်းတို့အကြံမသိဘူးမှတ်နေလား၊ မင်းတို့ ဝါးစပ်ထဲလောင်းချင်တာများ၊ ဟင်း"


www.burmeseclassic.com

www.burmeseclassic.com

ရှင်းရှင်းပြောရလျှင် သူက စီးပွားရေးလုပ်ဖို့ လုံးဝ ဝါသနာမပါပါ။ ငွေနောက်လိုက်ပြီး ဘဝကို အချိန်ကုန်တာမျိုး သူမကြိုက်။ ပိုက်ဆံချမ်းသာချင်ချမ်းသာ၊ မချမ်းသာချင်နေ ဝါသနာပါတဲ့အလုပ်ပဲလုပ်ချင်သည်။

ထို့ကြောင့် ... မိဘအရိပ်အောက်နေစဉ်က သူတို့စိတ်တိုင်းကျ ပညာကို ကြိုးစားသင်ခဲ့ပြီးပြီ။

သို့သော် ... ထိုပညာဖြင့် သူလုပ်မစားချင်ပါ။ သူဝါသနာပါသော စာရေး၊ စာဖတ်ခြင်းကလွဲ၍ ဘာမှမလုပ်ဟု ဆုံးဖြတ်ထား၏။ တစ်နှစ်က နှစ်နှစ်၊ နှစ်နှစ်ကသုံးနှစ် ကြာလာသောအခါ သူငယ်ချင်းတွေက အရာရှိဖြစ်သူဖြစ်၊ ချမ်းသာသူကချမ်းသာကုန်ကြပြီ။

"ဘယ်လိုလဲ စာရေးဆရာ၊ စာအုပ်တွေ တစ်အုပ်ပြီးတစ်အုပ်ထွက်နေတာ၊ မိန်းမ မယူသေးဘူးလား"

ဟင်း ဘာမှလည်းမဆိုင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



စာအုပ်တွေတစ်အုပ်ပြီး တစ်အုပ်ထွက်ကာ စာရေးဆရာဆိုတဲ့နာမည်လည်း ရခဲ့ပါသည်။ သို့သော် ငွေရေးကြေးရေးက တစ်နေ့တခြားလိုငွေပြလာ၏။ ရှေ့လျှောက် ထမင်းမငတ်ရေးကိုတောင် ဘုရားတရားတနေရသည်။

ဒီအချိန် ဘယ်ကလာ မိန်းမယူနိုင်ဦးမည်နည်း။ သူ့သဘောနှင့်သူ ရွေးချယ်ခဲ့သောဘဝမို့ ဘယ်သူ့ကိုမှ ညည်းမပြချင်ပါ။ ရှိပါစေတော့ ...။

"ဟော့ကောင် တုတ်ကြီး၊ မင်းကလည်း ခုတလော ငုပ်လိုက်တာ ... ပေါ်ကိုမလာဘူး၊ ဘယ်ပျောက်ပျောက်နေတာလဲ"

အဲသလို ရှောင်မရ တည့်တည့်တိုးသောအခါမျိုးလောက်သာ မိတ်ဆွေအပေါင်းအသင်းတွေနှင့် အပြင်ထွက်ဖြစ်သည်။ အရင်ကဆိုလျှင် အလန်းစားလေးတွေရှေ့ 'တုတ်ကြီး'ခေါ်မှာ စိုး၍ ကျွေးမွေးပိတ်ဆို့ရ၏။

ယခုတော့ ... ခေါ်လည်း သွားဖြီးလေးနှင့်သာ ကြည့်နေနိုင်သည်။ သူ့အိတ်ကပ်မှာ ကြာလေ အဝီစိရောက်လေဖြစ်နေ၏။ စာရေးဆရာမှန်းတော့ လူသိသည်။ ထမင်းနပ်မမှန်တာတော့ ဘယ်သူမှမသိ။

"အလုပ်တစ်ခုလုပ်မှဖြစ်မယ်"

"လုပ်လေ၊ ကုန်ကြမ်းရတာပေါ့"

"ဟော့ အေး၊ ကုန်ကြမ်းမရချင်ဘူး၊ **Money** ပဲရချင်တယ်၊ ကုန်ကြမ်းကရှိပြီးသား"

နေ့အလုပ်လုပ်ပြီး ညပိုင်းဝါသနာပါရာ စာရေးဖို့စဉ်းစားရတော့၏။ တကယ်တမ်းကျ ဘာလုပ်ရမှန်းမသိ။ မလုပ်လို့က



www.burmeseclassic.com

www.burmeseclassic.com



တော့မဖြစ်။ ဖိနပ်ပြတ်လျှင်တောင် ဝယ်စရာပိုက်ဆံမရှိဖြစ်နေသည်။ အရင်လို မိတ်ဆွေအပေါင်းအသင်းတွေကို လက်ဖက်ရည်တိုက်ဖို့ဝေးလာ၏။

ထို့ကြောင့် ... အသိမိတ်ဆွေတွေ့မှာကြောက်သည်။ နောက်တနေ့ ဖိနပ်ကို တက်နင်းခံရလျှင် ဒေါသထွက်သည်။

အဲသလို အခြေအနေမျိုးနှင့်ရင်ဆိုင်ကြုံတွေ့နေရကာမှ သူ့နှလုံးသားက သူ့ကို ပြဿနာရှာလာသည်။ ထိုအရာကား ...

ကောင်မလေးတစ်ယောက်ကို မြင်တွေ့ခဲ့ရာမှ အစပြုခဲ့ခြင်းဖြစ်သည်။

သူ မိန်းကလေးတစ်ယောက်ကို မြင်မြင်ချင်း ချစ်သွားခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

အကယ်၍

နေမင်းနှင့်လွဲခဲ့လျှင်လည်း ...

လမင်းနှင့်ကြယ်ပွင့်ကလေးများကိုတော့

တွေ့နိုင်ပါသေးသည်။

www.burmeseclassic.com

www.burmeseclassic.com

ဟင်း ဟင်း ဟင်း ဟင်း။

ဒီဇာတ်ကွက်လေးက ရုပ်ရှင်တွေ၊ ဗွီဒီယိုတွေထဲမှာဆို သိပ်လှမှာပဲ။

ကြည့်လေ။

အိမ်ကြီးတစ်လုံးကိုရောင်း ငွေထုတ်ကြီးပိုက်၊ အရင်းအနှီး ငွေတွေနှင့်စီးပွားရှာလိုက်တာ မကြာခင် လုပ်ငန်းတွေအောင်မြင် စီးပွားတွေဖြစ်ပြီး ချမ်းသာသွားတော့တာပဲ။

မဟုတ်ဖူး။ လားလားမှမဟုတ်ဘူး။ အပြင်မှာတော့ အဲသလိုမဟုတ်ဖူး။

အိနှင်းဆီရဲ့ တကယ့်လက်တွေ့ဘဝက အဲသလို မဟုတ်ခဲ့ ပါ။ အိမ်ရောင်းရငွေတွေနှင့်အရင်းအနှီးလုပ်ပြီး စီးပွားရှာလိုက်တာ နှစ်နှစ်အတွင်း တက်တက်စင်ပြောင်ပါလေရော။ လုပ်သမျှ လုပ် ငန်း အကုန်ရှုံးသည်။ တလွဲတွေ ဖြစ်သည်။

"အကျိုးပေးချိန်မတန်သေးဘူးထင်ပါရဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com


အိနှင်းဆီက တရားနဲ့ဖြေဖို့ ကြိုးစားသည်။ သူငယ်ချင်းဖြစ်သူ ဖွန်တိုးက ...

"ဒုက္ခပါပဲ ဖောင်းဖောင်းရယ်၊ ခု ဘယ်လိုလုပ်မလဲ"

"လောလောဆယ် ရရာအလုပ်တစ်ခု ဝင်လုပ်ရမှာပေါ့၊ ပြီးမှ ဆုံးရှုံးသွားတဲ့ငွေတွေ ပြန်ရအောင် တဖြည်းဖြည်းရှာရမယ်"

"ဟူး ... ပြောတာလွယ်တယ်၊ ဒီလောက် အရင်းအနှီးငွေတွေ အများကြီးနဲ့ရှာတာတောင် မဖြစ်တာ၊ ခု နင်က လက်ဗလာ ခြေဗလာ"

"အဆိုးထဲက အကောင်းကိုရှာနိုင်တာ ဘဝမှာ အရေးပါတဲ့ အတတ်ပညာတစ်ခုပဲတဲ့ ဖွန်တိုးရဲ့၊ ခုလို လက်ဗလာ ခြေဗလာဖြစ်သွားတော့လည်း တစ်မျိုးကောင်းတာပဲ၊ ဒါမှ နစ်ဆကြိုးစားချင်မှာ၊ သူဌေးကြီးတွေထဲမှာ ဘဝကို သုညကစတဲ့သူတွေမှ အများကြီး"

"နင်က ပထမခြေလှမ်းမှာ အရှမ်းစွန့်ပြီး ရဲလွန်းတာကိုး ဖောင်းဖောင်းရဲ့"

"ဟင်း ဟင်း၊ ဒါကလည်း ဒီလိုဖြစ်သွားလို့ ဒီစကား ထွက်တာပါ ဖွန်တိုးရယ်၊ အလုပ်ဖြစ်ပြီး တစ်ချိတည်း ပွပေါက်တိုးကြည့်ပါလား"

အိနှင်းဆီက နည်းနည်းထူးဆန်းတဲ့မိန်းကလေးဟု ဖွန်တိုးထင်သည်။ သိန်းရာချီဆုံးရှုံးသွားတာ ဒီလိုပြော၊ ဒီလိုအေးအေးဆေးဆေးနေနိုင်သည်။

ခုဆို စားဝတ်နေရေးအတွက် ရရာအလုပ်ဝင်လုပ်ရတော့မည့်အခြေအနေ။


www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် --- ရွှန်တိုးက သူလုပ်နေသော အလုပ်တွင် ဝန်ထမ်းသစ်ထပ်ခန့်ညှော်ကြား၍ အိနှင်းဆီအတွက် အလုပ်တစ်နေရာရရန် အရင်ဆုံးပြောပေးခဲ့သည်။

"ဟဲ့ --- ဖောင်းဖောင်း၊ မန်နေဂျာက ခေါ်ခဲ့တဲ့ ... တစ်ခါတည်း Interview ပြီး သင့်တော်ရင်ခန့်မယ်တဲ့"

အိနှင်းဆီက ဘာမှတွေးမနေဘဲ ရွှန်တိုးနှင့်လိုက်သွား၏။ မန်နေဂျာနှင့်တွေ့၊ မေးသမျှဖြေခဲ့ပြီး အလုပ်လည်း တစ်ခါတည်း Cancle ခံခဲ့ရသည်။

အကြောင်းကား အင်္ဂလိပ်စကားပြောမတတ်၊ ကွန်ပျူတာလည်းမရ၊ လုပ်ငန်းအတွေ့အကြုံမရှိ၊ စာရင်းကိုင်လည်းမသင်ခဲ့။ ထိုသို့သောအချက်အလက်ပေါင်းများစွာဖြင့် အလုပ်မရခဲ့ခြင်းပင်။

ပိုက်ဆံတွေ သိန်းရာချီကုန်သွားတုန်းက မငိုခဲ့သော အိနှင်းဆီတစ်ယောက် အလုပ်မခန့်ဘဲ အငြင်းခံရသောနေ့က အရူးလိုက်သည်းလှိုက်၊ ရှိုက်ကြီးတငင်ငိုကြွေးမိခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com

အချိန်တွေ တစ်နှစ်ပြီးတစ်နှစ်သာ ကုန်သွားသော်လည်း အိမ်လည်းမဆောက်ဖြစ်သလို မိန်းမလည်း မယူဖြစ်ပါ။

"ဘယ်လိုလဲ နေနိုင်၊ မိန်းမယူမယ့်လေသံ မကြားရတော့ ပါလား"

"ဟုတ်တယ်ကွ၊ ဒီကောင် လက်လျှော့သွားပြီထင်တယ်"

"ဒါမှမဟုတ် စိတ်ဓာတ်ကျသွားတာလား"

သူ့ရုပ်ရည် သူ့ပညာနှင့်ဥစ္စာဓနတွေက ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်။ မလိုချင်သူ ရှားပါ၏။

အဲသလိုလူမျိုးက အိမ်ထောင်ပြုချင်လျက်နှင့်ခုထိ မိန်းမ မရတာ တစ်ခုခုလိုနေ၍သာဖြစ်သည်။ ထို လိုနေသောအရာကို သူ ကောင်းကောင်းသိသွားခဲ့ပြီ။

"မင်းတို့ပြောတာတွေ ထင်တာတွေ တစ်ခုမှမဟုတ်ဖူးကွ"

"ဒါဖြင့် ဘာလို့လဲ"

"ဟဲ ဟဲ ... ငါပြောတာကြားရင် မင်းတို့ အံ့ဩကုန်ကြ



www.burmeseclassic.com

www.burmeseclassic.com


မှာ သေချာတယ်"

"ပြောမှာသာပြောစမ်းပါ နေနိုင်ရာ"

"ဟုတ်ပါ့၊ သူ မိန်းမယူမယ့်အရေး ရတက်မအေးဖြစ်နေရတယ်"

"ငါ ... ငါ့ရင်ထဲက အချစ်ကို တွေ့သွားလို့ကွ"

"ဟော!"

"အောင်မလေး ကြီးကြီးကျယ်ကျယ်"

"ဝါး ဟား ဟား ရေခဲမုန့်"

သူပြောတာကို အံ့သြရမည့်အစား တစ်ယောက်တစ်ပေါက် ဝိုင်းဟားနေ၏။ ဒါတွေကြောင့် သူ့, မပြောချင်တာ။ အလကား ...,ရင်ထဲက ဗီလင်တွေတောင် ပေါ့သွားပြီ။ သူ ဘယ်မိန်းကလေးကိုမှ လက်ထပ်လို့မရဘဲ တစ်ခုခုလိုနေတာဟာ အဲဒီ အချစ်ဆိုတာကြောင့်ပဲပေါ့။ သူပြောတာ ဘာမှားလို့လဲ။

"အိမ်ဝယ်ပြီး မိန်းမယူမယ်ဆိုတဲ့အထိ အဲဒီအချစ်ကို ငါ သိလည်းမသိဘူး၊ နားလည်းမလည်ဘူး၊ အဲ အိမ်ဆောက်မယ်ဆိုတဲ့အခါမှ အချစ်ဆိုတဲ့ခံစားမှုကို ရုတ်တရက်တွေ့သွားတာ"

"ဒါဆို ဘယ်မှာလဲ မင်းအချစ်"

"အေးလေ ... ဘယ်သူ့ကိုချစ်သွားတာလဲ"

"မင်းအချစ်က အတွေ့မရှိဘဲ အငွေ့ပဲလား နေနိုင်ရ"

အဲသလိုတော့ သူ့မှာ ပြစရာအကောင်အထည်မရှိပါ။ သို့သော် ... သူ့ရင်ထဲမှာ အချစ်ဆိုတဲ့အရာ မွေးဖွားပေါ်ပေါက်ခဲ့တာတော့ အမှန်ပင်။

သူ ဝယ်လိုက်သော အိမ်အိုအိမ်ဟောင်းကြီးကို ဖျက်ပစ်ဖို့


www.burmeseclassic.com

www.burmeseclassic.com


စတင်ဆောင်ရွက်စဉ်မှာပဲ အချစ်ကို စတင်ခံစားတွေ့သိခဲ့သည်။ အိမ်အိုအိမ်ဟောင်းကြီးထဲက တစ်စုံတစ်ခုသော တစ်လက်မ အရွယ်ပစ္စည်းလေးတစ်ခုက သူ့ရင်ထဲက ခံစားချက်အားလုံးကို လုံးဝပြောင်းလဲစေခဲ့ပါသည်။

"ဒီမှာ ဟော့ကောင်တွေ"

သူက သူငယ်ချင်းတွေကို မကျေမနပ်ဖြင့် ခေါ်လိုက်၏။

"ငါပြောတာကို မင်းတို့လို လူပြိန်းတွေ နားမလည်ပါဘူးကွာ"

အဲဒီကတည်းက သူဟာ အချစ်ကို ရှာဖွေခဲ့သည်။ ထို အချစ်ကို မတွေ့မချင်း သူ အိမ်ထောင်မပြုဟု ဆုံးဖြတ်ခဲ့သည်။ မတွေ့တွေ့ အောင်ရှာမည်။ ရှာဖို့လည်း သန္နိဋ္ဌာန်ချထား၏။

ခုဆို နှစ်နှစ်ကျော်ပြီ။ မတွေ့သေးပါ။ တစ်လက်မကျော် အရွယ်ပစ္စည်းလေးကိုတော့ မကြာခဏထုတ်ကြည့်မိသည်။

သူ့ရင်ထဲမှာ တမ်းတလိုက်မိပါ၏။

"ဪ ... အချစ်"


www.burmeseclassic.com

www.burmeseclassic.com

မော်ဖူးမောင်ဆိုတဲ့လူငယ်လေးက ကောင်မလေးတစ်ယောက်ကို မြင်မြင်ချင်းချစ်မိသွားကတည်းက အဲဒီကောင်မလေးနောက်ကို အရိပ်လိုတကောက်ကောက်လိုက်နေခဲ့သည်။

အဲဒီကောင်မလေး ဘယ်မှာနေသလဲဆိုတာလည်း သိပြီးပြီ။ ဘယ်သွားတယ်။ ဘာလုပ်တယ်။ ဘယ်အချိန်ပြန်တယ်ဆိုတာကအစ သိသည်။

သူ ကောင်မလေးကို စတွေ့ခဲ့တာ ကန်တော်ကြီးထဲက နေရာလေးတစ်နေရာမှာဖြစ်သည်။ သူ တွေ့စဉ်က ကောင်မလေးမှာ ရှိက်ကြီးတငင် ငိုကြွေးနေ၏။

အားပါးတရ ငိုပြီးသွားတော့ ကောင်မလေးက သူ ဘာမှမဖြစ်ခဲ့သလို ခေါင်းတခါခါ လည်တမော့မော့လုပ်ရင်း ပါလာသောပေါင်မုန့်နှင့်အအေးဘူးလေးကို ဖွင့်ဖောက်စား၏။

"အားပါး၊ ဖြူဖြူဖွေးဖွေး၊ ဖောင်းဖောင်းအိအိလေးနဲ့ ချစ်စရာကောင်းလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com


အဲဒီကတည်းက ချစ်ဖို့အဆင်သင့်မဖြစ်သေးတဲ့ သူ့နှလုံးသားက တဒင်္ဂအတွင်းမှာပင် ရင်ခုန်သံတွေ နိုးထလာခဲ့သည်။

ခုချိန် မိခင်ကို ပူဆာလို့ရသောအရာဆိုပါက သူ့ကိုသာ ခရလျှင် သေရပါတော့မည်ဟု ပူဆာလိုက်ချင်၏။

"ဟော့ကောင် တုတ်ကြီး၊ မင်းပြောခိုင်းထားတဲ့အလုပ်ရပြီ၊ အလုပ်ရှင်က မနက်ဖြန်ကစပြီး အလုပ်လာဆင်းတဲ့"

သူ့ကို လင်းလင်းက လာပြောသည်။ ခုနေ အလုပ်ဝင်သုတ်လိုက်လျှင် ကောင်မလေးနှင့်အဆက်ပြတ်ဝေးသွားလိမ့်မည်။ အဲသလိုသာဆို သူ့ဘဝကြီးက ဘာအဓိပ္ပါယ်ရှိတော့မည်နည်း။ ဗိုဗိုသာသာလေးပြောရလျှင် သူ့ဘဝ ရှင်လျက်နှင့်သေသူလိုဖြစ်သွားလိမ့်မည်။

"ဟော့ အေး၊ မလုပ်ချင်တော့ဘူး၊ မလုပ်တော့ဘူးလို့ ပြောလိုက်ကွာ"

"ဘာ"

သူ့စကားကြောင့် လင်းလင်းက ပယ်ပယ်နယ်နယ်ဆဲလေ၏၊ မဘတ်နိုင်။

"ခုတစ်မျိုး၊ တော်ကြာတစ်မျိုးနဲ့ ... အလုပ်ရှင်က မင့်အဖေ့မဟုတ်ဘူးကွ"

"ဟော့ကောင် လင်းလင်း၊ ညစ်နေရတဲ့အထဲ လာပွားမနေနဲ့၊ ငေ... ဘက်ခွက်ဖြတ်ရိုက်လိုက်ရ နာတော့မယ် ဟင်း ... တောက်"

သူက ပြန်ပြီး လင်းလင်းကို ဟောက်စားလုပ်ပစ်လိုက်သည်။ လင်းလင်းခမျာ တအံ့တဩဖြစ်နေရှာ၏။

"သူငယ်ချင်း တုတ်ကြီး၊ မင်း မင်း ဘာဖြစ်တာလဲ' ဆိုတိ


www.burmeseclassic.com

www.burmeseclassic.com


ထားတုတ်ကြီး၊ သတိထား'

သူက ထမင်းတစ်နပ်မစားဘဲ နေနိုင်သည်။ ကောင်မလေးကို မတွေ့ရဘဲတော့ မနေနိုင်။ သို့နှင့် ... လင်းလင်းကိုဖြစ်ကြောင်းကုန်စင်ပြောပြလိုက်၏။

"တုတ်ကြီးရာ ... မင့်အငတ်ဘေးထဲ ကောင်မလေးကို ဆွဲမထည့်ပါနဲ့ကွာ"

"မင်းကလည်း ပြောလိုက်တာ ကမ်းကုန်အောင်ပဲ ငလင်း၊ ငါက သူ့ကို ဘာမှမလုပ်ပါဘူး၊ ချစ်စကားကြိုက်စကားပြောဖို့လည်း စိတ်မကူးဘူး"

"ဟင်' ဒါဆို ဘာလဲ"

"ဒီအတိုင်း သူ့အရိပ်လေးလို ထပ်ချပ်မကွာလိုက်ပြီး ငေးကြည့်ရုံ ချစ်နေရုံလေးပါပဲ"

"သေလိုက်"


www.burmeseclassic.com

www.burmeseclassic.com

"နင်တို့မန်နေဂျာကလည်း အမျိုးမျိုးပဲ"

အိနှင်းဆီက နှုတ်ခမ်းကို တစ်တောင်လောက်ချွန်ပြီး ပြောသည်။ ဖွန်တိုးက ...

"မဟုတ်ဘူး၊ ငါတို့ကုမ္ပဏီ မန်နေဂျာက အရမ်းပြတ်သားတာ၊ သူ့ဌေးထက်တောင် သူ့ကို ပိုကြောက်ရသေးတယ်၊ အခုဘာယ်လိုဖြစ်တာလဲမသိဘူး၊ ထူးဆန်းတယ်"

သာမန်ဘွဲ့လေးတစ်ဘွဲ့ကိုတောင် ဖျစ်ဖျစ်မြည်အောင် ယူထားရသော အိနှင်းဆီ။ ဘာမှတတ်တာမရှိလို့ဆိုပြီး အလုပ်မရခဲ့တဲ့ အိနှင်းဆီ။

ခုတော့ ... ဒီဝန်ထမ်းကို စကြိုက်လို့ ငြင်းခဲ့တဲ့ကုမ္ပဏီကပဲ အသဲအသန်ပြန်လိုက်ခေါ်သည်။ အံ့ပေစွတကား။

"ဘာပဲဖြစ်ဖြစ်၊ အလုပ်ရတာပဲတော်လှပြီ၊ လောလောဆယ် ဝမ်းရေးအတွက် ရတဲ့အလုပ် အရင်လုပ်ရမှာပဲမဟုတ်လား ကောင်းဖောင်း"



www.burmeseclassic.com

www.burmeseclassic.com



"မှန်တာပေါ့ ဇွန်တိုးရယ်၊ အခြေအနေအရ ခဏမိန်းလုပ်ရင်း ရှေ့ဆက်ရမယ့်ဘဝအတွက် အကောင်းဆုံးအကြံထုတ်မယ်"

ဤသို့ဤပုံဖြင့် အိနှင်းဆီတစ်ယောက် ဇွန်တိုးလုပ်တဲ့ ကုမ္ပဏီတွင် အလုပ်ရခဲ့လေ၏။

"အိနှင်းဆီက ရုပ်ရည်ချောမောလှပတဲ့သူဆိုတော့ ကုမ္ပဏီရဲ့ ဧည့်ကြိုနေရာမှာ ထားမယ်၊ အင်္ဂလိပ်လိုပြောဖို့လိုရင် သင်းယုလှိုင်က ပြော၊ ကွန်ပျူတာသုံးရမယ့်ကိစ္စ သင်းယုလှိုင်လုပ်"

"ဟွန့် ... ဒါဆို သူ့ကို ဘာမှမခိုင်းဘဲ အလှကြည့်ထားရမှာလား"

"ဟဲ့ ... လျှာမရှည်နဲ့ မိယု၊ ခိုင်းတဲ့အတိုင်းသာလုပ်၊ နောက်တော့ သင်ရင်းတဖြည်းဖြည်းတတ်လာလိမ့်မယ်"

မန်နေဂျာရဲ့အမိန့်ဆိုတော့ ဘယ်သူမှ ဘာမှမပြောသာ၊ အိနှင်းဆီမှာ တစ်နေ့တစ်နေ့ ဧည့်ကြိုကောင်တာတွင် ဖုန်းနားထောင်လိုက်၊ မှတ်တမ်းလေးရေးလိုက်နှင့်ကျော့ကျော့လေးနေရ၏။

"ဟဲ့ ... အဲ့ဒီကောင်မက ဘာကောင်မလဲ သင်းယုလှိုင်တတ်တာလည်း ဘာမှမရှိဘဲနဲ့ အလုပ်လာလုပ်နေတယ်"

"ခန့်တဲ့သူရှိမှတော့ လုပ်မှာပေါ့ သီတာရဲ့"

"အကြောတင်းတဲ့ တို့မန်နေဂျာကြီးက ဒီတစ်ခါ ဘယ်လိုဖြစ်တာလဲ' သူ့လူကျတော့ ဒီလိုလား"

"မဟုတ်ဖူး သီတာ၊ အဲဒီ အိနှင်းဆီက မန်နေဂျာလူမဟုတ်တာတော့ သေချာတယ်၊ ဇွန်တိုးရဲ့သူငယ်ချင်းပဲ"



www.burmeseclassic.com

www.burmeseclassic.com


"ဖွန်တိုးမျက်နှာလောက်နဲ့တော့ ခန့်မှာမဟုတ်ဖူး သင်းယု ထွိုင်"

"ငါလည်း အဲဒါ အံ့ဩတာ၊ စည်းကမ်းကြီးပြီး တိကျတဲ့ မန်နေဂျာက ဒီတစ်ခါ ဘယ်လိုလဲမသိဘူး၊ အဲဒီကောင်မလေး ကလည်း ရောက်တာနဲ့ဖလမ်းဖလမ်းနေတာပဲ"

"ဟဲ့ ... လူက ဖောင်းဖောင်းအိအိလေးနဲ့ ချစ်စရာတော့ ကောင်းတယ်နော်"

အိနှင်းဆီနှင့်ပတ်သက်ပြီး ကုမ္ပဏီဝန်ထမ်းငယ်တွေကြား အဲသလို လှိုင်းဂယက်လေးတွေထနေတာတော့ အမှန်ပင်။

ဘယ်သူတွေ ဘာပြောပြော အိနှင်းဆီကတော့ မိုးလင်း မိုးချုပ် ဖလမ်းဖလမ်းနေတာပဲလေ။

"ဒီမှာ ဖောင်းဖောင်း"

"ဘာလဲ ဖွန်တိုး"

"နင်နဲ့ပတ်သက်ပြီး ဒီကုမ္ပဏီက ပထမဆုံး ထူးခြားမှုပဲ"

"နင်တို့မန်နေဂျာအသက်ငါးဆယ်အဘိုးကြီးက ငါ့ကို သူ့ အားနဲ့များ ပေးစားချင်လို့လား"

"မန်နေဂျာက လူပျိုကြီးဟဲ့"

"အမ်"


www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁)

သူက ကုမ္ပဏီကိုလာလျှင် အပြင်လှေခါးကနေ အပေါ်
ထပ်ရုံးခန်းကို တက်သည်။ ဝန်ထမ်းတွေ အလုပ်လုပ်နေသော
အောက်ထပ်လှေခါးကို သိပ်မသုံးပေ။

ဒီနေ့တော့ ရုံးကိုရောက်ရောက်ချင်း အောက်ထပ်ကို ဝ
လိုက်သည်။ ရုတ်တရက် သူဝင်လာတာမြင်တော့ အားလုံးက တ
တသြနှင့်အိုးတိုးအမ်းတန်းတွေ ဖြစ်ကုန်ကြ၏။ လုပ်လက်စ
ဆက်လုပ်ရမလို၊ ရပ်ထားရမလို၊ အိတ်ပဲပြေးဆွဲကြိုရမလို။

ထိုအချိန်တွင် အိနှင်းဆီမှာ မနက်က ဘာမှမစားလာခဲ့
ပေါင်မုန့်တစ်ခုကို အသဲအသန်ကာစ်နေ၏။

"ဟဲ့ ... ဟဲ့ အိနှင်းဆီ၊ သူဗွေးလာနေတယ်"

သင်းယုလှိုင်က လက်တို့ သတိပေး၍ အိနှင်းဆီ


www.burmeseclassic.com

www.burmeseclassic.com


ခါးလက်စပါးစပ်ကိုရပ်ကာ ပေါင်မုန့်ကိုင်ထားသော လက်ကို အောက်သို့ဝှက်လိုက်၏။

ဒါကို သူဌေးက မြင်ဖြစ်အောင်မြင်သွားပြီး အနား ချောက်လာသည်။ သင်းယုလှိုင်နှင့်သီတာက အိနှင်းဆီကို စိတ် ဝင်တစားစောင့်ကြည့်နေကြ၏။ ဒီကောင်မ မန်နေဂျာလူလည်း ဟုတ်ဆိုတော့ သူတို့သူဌေးချောနှင့်ပတ်သက်မှုများရှိနေသလား ဆဲ့။

"မနက်က ဘာမှမစားခဲ့ရဘူးလား"

"ဟုတ်"

"ဝန်ထမ်းအသစ်နော်"

"ဟုတ်"

ဒါပါပဲ။ သူဌေးက ဒါပဲပြောသည်။ တစ်ခုပဲ ထူးခြားတာ ကာ အဲသလိုပြောနေတဲ့ စက္ကန့်ပိုင်းလေးအတွင်း စူးစူးစိုက်စိုက်ကြည့် သွားပုံက အင်အားပါလှသည်။ တစ်စုံတစ်ရာသော မမြင်နိုင်တဲ့ ချမ်းအားတွေပါနေ၏။

"ဩော် ... ကိုနေ၊ ဒီနေ့စောတယ်"

"ဆယ်နာရီမှာ သွားစရာရှိတယ် ဦးစော၊ ကျွန်တော့်ကို ကော်ဖီတစ်ခွက်လောက်ပို့ခိုင်းပေးပါဦး"

အဲဒါပဲပြောပြီး အပေါ်ထပ်ကို တက်သွားသည်။ ဒီအခြေ အနေကိုကြည့်ပြီး သင်းယုလှိုင်က သီတာ့ကို တိုးတိုးကပ်ပြော သည်။

"သူဌေးနဲ့အိနှင်းဆီ ဘာမှပတ်သက်ပုံမရဘူးနော် သီတာ"

"ဟုတ်တယ် သင်းယုလှိုင်၊ ခင်မင်ရင်းနှီးပြီး တစ်ခုခုပတ်


www.burmeseclassic.com

www.burmeseclassic.com


သက်ရင် ဒီလိုနေမှာမဟုတ်ဘူး"

"သူ့ဌေးနဲ့လည်းသိပ်မရ၊ မန်နေဂျာနဲ့လည်း မပတ်သက်ဆိုတော့ ... ဟူး ... အံ့သြစရာပဲ"

နောက်ပိုင်း ဒီထက်အံ့သြစရာတွေ တွေ့လာရသည်။ ဘာမှမတတ်သော အိနှင်းဆီကို ကုမ္ပဏီစရိတ်ဖြင့် ကွန်ပျူတာနှင့် အင်္ဂလိပ်စာ သင်ကြားပေးသည်။

"ကျေးဇူးတင်လိုက်တာ မန်နေဂျာကြီးရယ်၊ ကျွန်မက ဒီဘာသာရပ်တွေကို သိပ်သင်ချင်ခဲ့တာ၊ ဒါပေမယ့် အချိန်ရော ငွေရောမပေးနိုင်လို့မသင်ခဲ့ရတာ"

"အေးပေါ့၊ ညည်းကံကောင်းတယ် အိနှင်းဆီ၊ ဒါ ကုမ္ပဏီက ပထမဆုံးအကြိမ်ဝန်ထမ်းတွေကို ပံ့ပိုးပေးတာပဲ၊ အဲဒီအတွက် ဒီကုမ္ပဏီမှာ တစ်နှစ်အနည်းဆုံး အလုပ်လုပ်ပေးရမယ်"

"ဒါပေါ့၊ လုပ်ပေးရမှာပေါ့၊ ကြိုးစားမယ်လေ"

"ကြိုးစား၊ ကြိုးစား၊ ကြိုးစားမှဖြစ်မယ်၊ ထမင်းလည်း မှန်မှန်စား၊ ပေါင်မုန့်ချည်းပဲ စားမနေနဲ့"

"ဟီး ... ထမင်းဖိုး အကုန်သက်သာအောင်လို့"


www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂)

မနက်ရုံးတက်ချိန် ဝန်ထမ်းတွေစုံသည်နှင့် တိုးတိုးကျိတ်တိတ်ပြောနေကြသည်။ ထင်မြင်ချက်တွေ ပေးနေကြသည်။ အကြောင်းကား အိန္ဒြေဆီထိုင်သောနေရာတွင် လှပမွှေးကြိုင်သော ပန်းစည်းလေးရောက်နေခြင်းပင်။

"ဟဲ့ ... အိန္ဒြေဆီ၊ နှင့်နာမည်နဲ့ပန်းစည်းရောက်နေတယ် ဟဲ့ နှင့်ရည်းစားလား"

သင်းယုလှိုင်က အိန္ဒြေဆီဝင်လာတာမြင်မြင်ချင်း ဆီးမေးသည်။ ကျန်လူများကလည်း စိတ်ဝင်တစားကြည့်နေကြ၏။

အိန္ဒြေဆီက ...

"တောက်တီးတောက်တဲ့၊ ဘယ်ကလာ ငါ့မှာ ရည်းစားရှိ ရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"နင့်နာမည်အိနှင်းဆီ တပ်ထားတာလေ၊ ဘာတဲ့ ပို့သူ
ရာမှာ သင့်ကိုချစ်မြတ်နိုးလှစွာသော .... ဒေါ့ဒေါ့ဒေါ့တဲ့"

အိနှင်းဆီ တစ်ချက်တွေသွားသည်။ ဘယ်သူများပါလိမ့်
ထိုအချိန်တွင် ဖွန့်တိုးရောက်လာပြီး ...

"ဘာတွေ တွတ်ထိုးနေကြတာလဲ"

အိနှင်းဆီက ပါးစပ်ကမဖြေဘဲ ပန်းစည်းလေးကို မေးငေ
ပြလိုက်သည်။ ဖွန့်တိုးက ...

"အလဲ့ ... တယ်ဟုတ်ပါလား၊ ဘယ်သူပါလိမ့်"

"ဘယ်သူမှန်းမသိလို့ အုံးစားနေတာလေ"

"ဩော် ... ချောလှတဲ့မိန်းကလေးတစ်ယောက်အတွက်
ဒါမျိုးမဆန်းပါဘူး"

Marketing Manager ကိုဇော်မျိုးက အိနှင်းဆီ အလ
ကို ချီးကျူးဂုဏ်ဖော်ပြောသည်။ ကိုဇော်မျိုးက ရုပ်ဆိုးသော
မိန်းမကိုရထား၍ အမြဲရင်နာနေသူဖြစ်သည်။

"တစ်ယောက်ယောက် ရုံးထဲကို လာထားတာဆိုရင်
အစောကြီးရောက်နေတဲ့မန်နေဂျာဦးစောနဲ့သန့်ရှင်းရေးအဒေါ်ကြီ
တွေ့မှာပေါ့"

ဖွန့်တိုးက ပြောသည်။ သီတာက ...

"ဒါဆို ရုံးဝန်ထမ်းထဲက ယောကျ်ားတစ်ယောက်လို့ ဆို
ချင်တာလား၊ လောလောဆယ် မန်နေဂျာပဲရှိတာ ... ဟိ"

"ဟဲ့ ... အဲသလိုလည်းမဟုတ်ပါဘူး၊ အပြင်လူတွေလည်း
လုပ်ငန်းကိစ္စစုံစမ်းမေးမြန်းဖို့ ဒီလိုပဲ ဝင်ဝင်လာနေကြတာပဲ"

"နေဦး ... ထင်ကြေးနဲ့ငြင်းမနေကြနဲ့တော့ ဘယ်သူဆို

www.burmeseclassic.com

www.burmeseclassic.com


တာ ငါသိပြီ"

အိနှင်းဆီစကားကြောင့် အားလုံး အာရုံပြောင်းသွားသည်။ ဇွန်တိုးက ...

"ဟင်' ဘယ်သူလဲ ဖောင်းဖောင်း"

"သိတယ်ဆိုပေမယ့် မသိဘူးဟ ... အဟဲ"

"ဟယ် ... နင်ကလည်း"

"အူကြောင်ကြောင်နဲ့"

"ဟွန်း"

စိတ်ဝင်တစားနားထောင်နေတဲ့ မိန်းကလေးတွေ တင်းကုန်ကြသည်။ မျက်စောင်းထိုးသူထိုး၊ နှုတ်ခမ်းစူသူစူပေါ့။

"ဒီလိုပါ၊ လူကိုသိတယ်၊ နာမည်မသိဘူး ဒါပြောတာ"

"ဩော်"

"သူက ဘယ်ကလဲ"

"အဲဒါလည်းမသိဘူး၊ တကောက်ကောက်လိုက်နေတာကြာပြီ၊ စကားလည်း လာမပြောဘူး၊ ဒါပဲ"

"အယ်"

"အအကြီးလားမသိဘူး"

"ဗုဒ္ဓေါ"


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ဒီဘက်ခေတ်လူတွေကပဲ အစွမ်းထက်လွန်း တော်လွန်းသလားမသိ။ ရုပ်ရှင်၊ ဗွီဒီယိုသရုပ်ဆောင် မင်းသား၊ မင်းသမီးတွေကလည်း အဆိုတော်လုပ်သီချင်းတက်ဆိုကြသည်။ တချို့သရုပ်ဆောင်တွေက စာပါရေးကြသေးသည်။ ဒါရိုက်တာလည်းဝင်လုပ်၏။

တစ်ခါ အဆိုတော်တွေက ကြော်ငြာရိုက်သည်။ ရုပ်ရည်လေးနည်းနည်းရှိလျှင် သရုပ်ဆောင်ပါ ဝင်လုပ်၏။ စာရေးဆရာကော၊ အဆိုတော်ကော၊ သရုပ်ဆောင်ပါလုပ်တဲ့သူလည်းရှိသေးသည်။

ဘယ်လိုပဲဖြစ်ဖြစ် နောက်ဆုံး သေချာစဉ်းစားလိုက်လျှင် သရုပ်ဆောင်တွေကလည်း စာရေးသည်။ အဆိုတော်တွေကလည်း

www.burmeseclassic.com

www.burmeseclassic.com



စာရေးသည်။ တေးရေးဆရာတွေကလည်း စာရေးသည်။ ဆရာဝန်တွေ၊ အင်ဂျင်နီယာတွေကလည်း စာရေးကြသည်။

ဒါဆို စာရေးဆရာတွေကရော ဘာပြန်လုပ်ရလျှင် ကောင်းမည်နည်း။ အဲဒါကို မော်ဖူးမောင် စဉ်းစားနေတာ ကြာပြီ။ ရုပ်ရှင်မင်းသားလုပ်ရအောင် ရုပ်ကလည်း မလှ။ အဆိုတော်လုပ်ဖို့ အသံက မကောင်း။ ဆရာဝန်ဖြစ်ခဲ့ရင်လည်း အကောင်းသား။ စာရေးတာ မစားလောက်ပါက စိတ်ပူစရာမလို။

ခုတော့ ...

"ဟူး"

လွှမ်းရေးထက် ဝမ်းရေးခက်ပြီ။ နောက်ဆုံး ထုတ်ဝေသူ ဦးမျိုးထံ အပူကပ်ရတော့၏။

"ကဲ ... ကိုယ့်ဆရာရေ၊ ကျွန်တော်တော့ အလုပ်လုပ်တော့မယ်၊ အဲ့ဒါ"

"ဗျာ' ဟိုတလောက လုပ်နေပြီမဟုတ်လား၊ လင်းလင်းပြောပေးတာဆို"

"အစကတော့ အဲဒီမှာပဲဖြစ်ဖြစ်၊ ဘယ်မှာပဲဖြစ်ဖြစ် ဝင်လုပ်မလို့ပဲဗျို့၊ စိတ်ပြောင်းသွားလို့"

"ဖြစ်ရလေ ... အလုပ်တစ်ခုအလွယ်တကူရဖို့မလွယ်ဘူး စာရေးဆရာရဲ့"

"လွယ်ပါတယ် ကိုယ့်ဆရာရယ်၊ ကိုယ့်ဆရာ့ရဲ့ပတ်သက်ရာ ပတ်သက်ကြောင်း ကုမ္ပဏီတွေရှိတယ်မဟုတ်လား၊ ဦးမျိုးပြောပေးရင် မရနိုင်စရာမရှိပါဘူး"

"နေဦး P.P.T ပြည်ပအလုပ်အကိုင်ရှာဖွေရေးကုမ္ပဏီဆို



www.burmeseclassic.com

www.burmeseclassic.com


ရင်ကော"

"တခြားစဉ်းစားပါဦး"

"မြရတနာပုံနှိပ်တိုက်"

"ရှိပါသေးတယ်ဗျာ"

"မင်းကွာ"

"လုပ်ပါဗျာ"

"အင်း ပိုစတာ၊ ဗွီနိုင်း၊ တံဆိပ်အမျိုးမျိုးလုပ်တဲ့ Flamigo ကုမ္ပဏီကတော့ အလုပ်တွေကောင်းနေတယ်"

"ဒါပဲပေါ့၊ အလုပ်တစ်နေ့ရာအတွက်ခက်မလား၊ တစ်နေ့တစ်နေ့ အလုပ်အပ်ထည်တွေမှ အများကြီး"

"ဟင်' မင်းက ဘယ်လိုသိ"

"ကျွန်တော် ရောက်ပြီးပြီလေ၊ ထမင်းဝတ်တော့မှာကလွဲရင် တိုင်းသိပြည်သိစာရေးဆရာဆိုတော့ လိပ်စာကတ်လေး ဘာလေးအပ်မလားလို့ သွားစနည်းနာခဲ့တာ၊ ဟဲ ဟဲ"

"မင်းကွာ"

"ကျွန်တော့်ကို အဲဒီကုမ္ပဏီမှာ အလုပ်ရအောင်ပြောပေးပေးတော့ ဦးမျိုးရေ၊ ဒါပဲ"


www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄)

"ဒီနှစ်အတွင်း မင်းကိုကြည့်ရတာ ထူးဆန်းတာတွေများ တယ် နေနိုင်"

"ဘာတွေလဲ"

"ခြေငြိမ်သွားတယ်"

"အရင်ကရော ခြေဆော့လို့လား"

"နားထောင် ... အိမ်ထောင်ပြုမယ့်အကြောင်းမပြော တော့ဘူး"

"အင်း"

"ပြီးတော့ ပိုပြီးထူးဆန်းလျှို့ဝှက်တာကြီးတစ်ခုရှိသေး တယ်"

"ရလဲ့ ... လုပ်စမ်းပါဦး"



www.burmeseclassic.com

www.burmeseclassic.com


"တိတ်တိတ်ကျိတ်ကျိတ်ကြံနေတာ တစ်ခုခုရှိကိုရှိရမယ်"

"ဟုတ်ရဲ့လား မောင်သီ"

"သေချာတယ် နေနိုင်၊ မင်းမှာ အကြံအစည်တစ်ခုခုရှိတာ သေချာတယ်"

"အဲဒါ ဘာလဲ"

"ဟာ ... လျှို့ဝှက်ကြံနေတဲ့ကိစ္စ ငါတို့ဘယ်လိုသိမှာလဲ"

"မင်းပြောတာနဲ့ ကိုစိုးရော၊ ကျော်မင်းပါ ငါ့ကို သူခိုးသူဝှက်ဖမ်းမလိုပုံစံနဲ့ကြည့်နေကြတယ်"

"အေးလေ၊ မင်းသတိထားနေနိုင်၊ ငါတို့မသိအောင် ကျိတ်ကြံတဲ့ကိစ္စ ပေါ်သွားလို့ကတော့ သေပြီသာမှတ်"

"ဟဲ ဟဲ၊ ကြိမ်းလိုက်ဝါးလိုက်ကြတာလည်း လွန်ရောပဲ၊ ဘာမှမဟုတ်တာမလုပ်ပါဘူးကွာ၊ ပျော်စရာကစားနည်းလေး တစ်ခု ကစားကြည့်မလို့ပါ၊ ကစားတာဆိုပေမယ့် ဒီကစားနည်းက ငါ့အတွက် ရှုံးလို့မဖြစ်တဲ့ကစားနည်းပဲ မောင်သီ"

"အဲဒါ ဘာလို့ ပွင့်ပွင့်လင်းလင်းမပြောတာလဲ နေနိုင်"

"ကိုယ့်ဖာသာကိုယ်တောင် စိတ်ဝင်စားစရာကောင်းနေလို့ မင်းတို့ကိုပါ စိတ်ဝင်စားစေခဲ့တာ"

"ဟော့ အေး၊ တို့တော့ စိတ်မဝင်စားပေါင်"

"ဟား ဟား ဟား ဟား"

ဇွဲသီဟအပြောကြောင့် သူ တဟားဟားအော်ရယ်မိသည်။

သူ့နှလုံးသားက ခုမှ လတ်ဆတ်နုပျိုနေ၏။ ဖုံးဖိမရသော အနာဂါတ်ကို မျှော်တွေးရင်း အလိုလို ပျော်မြူးနေတာတော့


www.burmeseclassic.com

www.burmeseclassic.com

အမှန်ပင်။

"ရုံးပြန်မှဖြစ်မယ်၊ ဦးခင်မောင်နဲ့ ချိန်းထားသေးတယ်၊ ညနေကျမှ ကိုစိုးနဲ့ကျော်မင်းကိုခေါ်ပြီး စွယ်တော်ရိပ်မှာစောင့်"

သူ့မှာ လုပ်စရာရှိသေးသည်။ ညှော့သည်နှင့်ချိန်းထားတာက ဒီလောက်ကြီးအရေးမကြီးပါ။ အကြောင်းပြချက်တစ်ခုသာဖြစ်၏။

ဟုတ်သည်။ သူ့မှာ ကုမ္ပဏီစီးပွားရေးလုပ်ငန်းနှင့်မဆိုင်သော အထူးလုပ်စရာတွေရှိနေသည်။

ထိုခဏမှာပင် သူ့နှလုံးသွေးတို့သည် ဖလမ်းဖလမ်းဖြစ်၍လာလေ၏။

www.burmeseclassic.com

www.burmeseclassic.com

## (အခန်း ၅)

"ဒီမှာ မရွှေချော"

"ဘာလဲ' ရှင် ကျွန်မကို မရွှေချောလို့မခေါ်နဲ့"

"နာမည်မသိမချင်းတော့ ဒီလိုခေါ်ရမှာပဲ၊ ကျွန်တော့်နာမည် မော်ဖူးမောင်ပါ"

"ခစ် ... တော်တော်လှူပါး၀တဲ့နာမည်ပါလား"

"ဘယ်ကလာ လှူပါး၀တဲ့နာမည်ရမှာလဲ' တော်တော် ခခ ယယနိုင်တဲ့နာမည်ဗျ၊ မိန်းကလေးတွေက မော်ဖူးမောင်လို့ ခေါ်တိုင်း ကျွန်တော်က အောက်(ထ်)တာလေ"

"ခစ်"

သူ့စကားကြောင့် သူ့နှလုံးသားရဲ့ရှိုးရာလေးက ရှင်းပါသည်။ ပထမဆုံးအကြိမ် စကားစပြောဖြစ်သော်လည်း ကောင်



www.burmeseclassic.com

www.burmeseclassic.com

ကလေးက မာနကြီးတစ်ခွဲသားနှင့်မနေပါ။ မာနမကြီးရုံမက ဘယ်တော့ကြည့်ကြည့် ဖလမ်းဖလမ်းနဲ့နေတာပါပဲ။

"ဟော့ကောင် တုတ်ကြီး"

အရေးကောင်းဒိန်းဒေါင်းဖျက်ဆိုတာ ဒါမျိုးကိုပြောတာဖြစ်မည်။ အလုပ်သွားသော ဖြိုးမောင်နှင့်သားကြီးက သူ့ကို မြင်သွားပြီး လှမ်းအော်၏။

"................"

"ဟင်' ဘာတွေ တွတ်ပွတွတ်ပွပြောနေတာလဲ' ဟိုမှာ ခွင့်ကိုခေါ်နေတာထင်တယ်"

သူက ဖြိုးမောင်နှင့်သားကြီးကို ခပ်တိုးတိုးဆဲလိုက်တာ ကောင်မလေးက သေချာမကြား၍ ပြန်မေးသည်။

"အလကားပါ မရွှေချော‌ရယ်၊ အဲဒါ လူကောင်းသူကောင်းတွေမဟုတ်ဖူး၊ စောစောစီးစီး အရက်တိုက်ခိုင်းမလို့ အော်နေတာ၊ သာ မြန်မြန်လာ သူတို့နဲ့လွတ်အောင်သွားရအောင်"

သူက ညာတာပါတေးနဲ့ကောင်မလေးကို ပြောလိုက်၏။ သူတို့မပြေးရုံတမယ်လျှောက်တော့ သားကြီးနှင့်ဖြိုးမောင်က ပြေးပြီး လိုက်လာကြသည်။

"ဟော့ကောင် တုတ်ကြီး၊ စောင့်ပါဦးကွ"

"ရဲဘော်တုတ်ကြီး၊ မပြေးနဲ့ ရပ်၊ မင်းတို့ကို ငါတို့ ဝိုင်းထားပြီ"

တကယ်လည်း ပြေး၍ မလွတ်တော့ပါ။ ကောင်မလေးကိုထားခဲ့ပြီး သူတစ်ယောက်တည်း ကိုယ်လွတ်ရုန်းမပြေးချင်သောကြောင့် အမိခံလိုက်ရ၏။

www.burmeseclassic.com


"မင်းတို့ကွာ"

"လုပ်မနေနဲ့ တုတ်ကြီး၊ မင်းပြောတော့ အလုပ်ရှာနေတာ ဆို"

"ဟုတ်ပါ့၊ သူ့အလုပ်က ဒါလား"

"ဟ' ဒီကောင်တွေ စွတ်ပြောနေပြန်ပြီ၊ ငါ အခု အလုပ် သွားနေတာကွ"

"ဟေ"

"အဟုတ်"

သူလည်း တစ်ခါမှ မညာဖူးဘဲနဲ့ သူ့စကားကို သားကြီး နှင့်ဖြိုးမောင်က ယုံပုံမရပါ။ အဲဒီအချိန် ကောင်မလေးက ...

"ကဲ ... နေခဲ့တော့ ကိုတုတ်ကြီးရေ ... ကျွန်မသွားပြီ"

ဒီလိုပြောပြီး သူ့ကို ထားသွားခဲ့ပါသည်။


www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၆)

"ကဲဟေ့ ... လူကမရောက်သေးဘူး၊ စားစရာတွေက
ဆင်သင့်ရောက်နေပြီ၊ ဒီနေ့လည်း ဘာမှမစားလာခဲ့ရဘူးမဟုတ်
ား ဖောင်းဖောင်း"

ရုံးထဲဝင်လိုက်သည်နှင့်ဖွန်တိုးက ဆီးကြိုပြောသည်။
ဘာက ...

"သူများသားသမီးတွေများ ကောင်းစားလိုက်တာ ကုမ္ပဏီ
ာက်တာနဲ့စားစရာသောက်စရာက အဆင်သင့်၊ ပန်းစည်းက
ဆင်သင့်"

"ဒါတင်ကလို့လား၊ အလုပ်ဝင်တာနဲ့အခမဲ့သင်တန်းတွေ
အဆင်သင့်"

သင်းယုလှိုင်ကပါ ဝင်ပြောသည်။ အိန္ဒြေဆီက ...

www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ဟင်း ဟင်း ဟင်း"

ဟန်ကိုယ်ဖို့လုပ်ပြီး ရယ်နေရသော်လည်း စားစရာတွေ ဘယ်သူပို့မှန်းမသိ။ ဖြစ်နိုင်တာကတော့ မော်ဖူးမောင်ပဲဖြစ်နိုင် သည်။ သူနှင့်သူ့သူငယ်ချင်းနှစ်ယောက် ကုမ္ပဏီနားက လက်ဖက် ရည်ဆိုင် အရင်ရောက်နှင့်ပြီး ပို့ခိုင်းလိုက်တာနေမှာပေါ့။

"ပို့သူက ကတ်လေးပါထည့်ပေးလိုက်တယ်၊ ဒီမှာ သင့်ကို ချစ်မြတ်နိုးလှစွာသော ... ဒေါ့ ဒေါ့ ဒေါ့ တဲ့"

လူလည်က သူ့နာမည်တော့ ဘယ်တော့မှမဖော်။ ဘာတဲ့ တုတ်ကြီးဆိုတာကိုများ သူ့ကိုယ်သူ မော်ဖူးမောင်ဆိုပါလား။

"ခစ်"

"ဟဲ့ ... သဘောတွေကျမနေနဲ့ စားမှာစား"

"နင်တို့ရော စား"

"နင့်ကို စားစေချင်လို့ကျွေးတာ နင်ပဲစား"

"ငါတို့က အိမ်က စားခဲ့ပြီးပြီ"

"ဖွန်တိုး လာ၊ နည်းနည်းတော့စားရမယ်"

အိနှင်းဆီက တစ်ယောက်တည်းစားရမှာ ရှက်၍ ဖွန်တိုး ကို ဆွဲခေါ်သည်။ မန်နေဂျာက အခန်းထဲက ထွက်လာကာ သူတို့ ကို ကြည့်ပြီး ပြုံးသည်။ ဘာကို သဘောကျသလဲတော့မသိ။

ထိုအချိန်တွင် ရုံးထဲဝင်လာသူက ကုမ္ပဏီပိုင်ရှင်သူဌေး ဦးနေနိုင်။ ယဉ်ကျေးမှုအရ ဦးတပ်ခေါ်ရပေမယ့် ရုပ်ရည်နှင့် အသက်က 'ဦး'တပ်ဖို့ အားနာစရာကောင်း၏။

"ဦးစောရေ၊ ဒီနေ့ ကောင်လေးတစ်ယောက်လာလိမ့်မယ် လာရင် သူ့ကိုခေါ်ပြီး ကျွန်တော့်အခန်းတက်လာခဲ့ပါဦး"



www.burmeseclassic.com

www.burmeseclassic.com


"ကောင်းပြီ ကိုနေ၊ ကော်ဖီပို့လိုက်ရဦးမလား"

"တော်ပြီ ဦးစော၊ သူငယ်ချင်းတွေနဲ့သောက်ခဲ့ပြီ"

ဝေ့ကြည့်လာသော နေနိုင့်အကြည့်ကြောင့် ရှက်ရွံ့အနေခက်စွာ ခေါင်းငုံ့သွားရသူက အိနှင်းဆီ။ ရုံးရောက်ရောက်ချင်း အစားစားနေတုန်း သူ့ဌေးနှင့်တိုးတာ နှစ်ခါရှိပြီမဟုတ်လား။

"စားလေ ... ကိစ္စမရှိဘူး၊ စားပါ"

နေနိုင်၏ ပြုံးချိုသောစကားကို အိနှင်းဆီက ပြုံးသည်။ ချောမော၍ စမတ်ကျသော သူဌေးကို အားလုံးက ငေးမောနေကြ၏၊ တကယ်ဆို သူတို့သူဌေးဆိုသူကို မြင်ရတွေ့ရခဲလှသည်။ မြင်တိုင်းလည်း ရင်သပ်ရှုမောဖြစ်ကြရသည်။

"သဘောကောင်းတယ်နော်"

အပေါ်ထပ်ကို နေနိုင်တက်သွားတော့ အိနှင်းဆီက ပြောသည်။ အိနှင်းဆီစိတ်ထဲ နေနိုင့်မျက်လုံးတွေက ရင်းနှီးနွေးထွေးလွန်းသည်ဟု ခံစားမိ၏။

သို့သော် ... အိနှင်းဆီက ထိုသူနှင့်ဘယ်တုန်းကမှ တွေ့ဖူးဆုံဖူး၊ ရင်းနှီးခဲ့ဖူးခြင်းမရှိခဲ့တာတော့အသေအချာပင်ဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၇)

ညော့်ကြိုကောင်တာရှေ့တွင် ရပ်လာသော လူရိပ်ကြောင့် အိနှင်းဆီ မော့ကြည့်မိသည်။

"ဟင်"

နည်းနည်းတော့ အံ့ဩသွား၏။ ရုံးထဲမှာလည်း လူရှင်းနေသည်။ ထမင်းစားခန်းမှာ ထမင်းသွားစားနေကြသူ၊ အပြင်ထွက် Marketing ဆင်းသူ၊ ပစ္စည်းသွားပို့သူစသဖြင့် သူ့နေရာနှင့်သူ ရှိနေကြသည်။

"ကျွန်မ ဘာလုပ်ပေးရမလဲရှင်"

ကိုယ်က သူ့လက်အောက်ဝန်ထမ်းဆိုတော့ စပြီး လောက ဝတ်ပြုလိုက်၏။ ကြည့်ရတာ အပြင်လေ့ကားက ဆင်းလာပြီး ရုံးရှေ့ဝင်ပေါက်က ဝင်လာပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com



"သူများတွေ ထမင်းစားနေကြပြီ၊ မင်းကော မစားဘူး
လား"

"ဟို ... တစ်လှည့်စီစားကြတာပါ"

"အလုပ်လုပ်ရတာ အဆင်ပြေရဲ့လား၊ ဘာအခက်အခဲရှိ
သလဲ"

"အို ... မရှိပါဘူးရှင်၊ အားလုံးအဆင်ပြေပါတယ်၊ အစစ
အရာရာကောင်းတဲ့ကုမ္ပဏီမို့ ကျေးဇူးကြီးလှပါတယ်ရှင်"

"ဒါနဲ့ မင်း အတွင်းရေးမှူးသင်တန်းတို့၊ Management
သင်တန်းတို့ စိတ်ဝင်စားသလားး"

အိနှင်းဆီတစ်ချက် စဉ်းစားသည်။ ပြီးမှ ...

"အသက်မွေးဝမ်းကျောင်းအလုပ်တစ်ခုလုပ်တာ ဝါသနာ
ပါတာ၊ မပါတာတွေ မစဉ်းစားပါဘူး၊ လုပ်သင့်လုပ်ထိုက်တယ်ဆို
ရင် ကျွန်မ ကြိုးစားလုပ်မှာပါ၊ ဒါပေမယ့်"

"အင်း ... ပြောပါဦး"

"အရမ်းတော်၊ အရမ်းကြိုးစားတဲ့ဝန်ထမ်းဖြစ်စေဦး လခ
စားလုပ်တဲ့အလုပ်က မချမ်းသာနိုင်ပါဘူး၊ ဒါကြောင့် အဲဒီ
အလုပ်မရင်းချင်တော့ဘူး၊ အခြေအနေပေးတာနဲ့ စီးပွားရေးပဲ
လုပ်မှာ"

အိနှင်းဆီစကားကြောင့် နေနိုင်က ပြုံးသည်။ ပြီးမှ ...

"မင်းက ချမ်းသာချင်တယ်ဆိုပါတော့"

"မချမ်းသာချင်သူ ဘယ်သူရှိပါ့မလဲရှင်၊ ကျွန်မက ချမ်းသာ
ချင်တယ်ဆိုတာထက် ကိုယ့်ကြောင့် ဆုံးရှုံးသွားတဲ့ မိဘအမွေကို
ပြန်ရအောင် ကြိုးစားရဦးမှာ"

www.burmeseclassic.com

www.burmeseclassic.com



"ဩော် ဩော် ... ဒါဆို ကိုယ်တစ်ခုလောက် မေး
မယ်၊ မိန်းမထုကို အထင်သေးလို့တော့မဟုတ်ပါဘူး၊ ဒါပေမ
မိန်းမတစ်ယောက်က ဘယ်လောက်ထိရှာနိုင်မှာလဲ' ချမ်းသာနိုင်
မလား"

"ရှင်"

တကယ့်ကိုမသိလို့မေးတာလား၊ မတွေ့ဘူးလို့မေး
ပဲလား။ ပါးစပ်ကတော့ အထင်သေးလို့မဟုတ်ပါဘူးဟု ကြို
ပြောထားသည်။

"ကိုယ့်ခွန်ကိုယ့်အားနဲ့ရှာပြီး ချမ်းသာကြီးပွားနေတဲ့မိန်
တွေကို ကျွန်မ အများကြီးတွေ့ဖူးတယ်၊ ဦးလေးမတွေ့ဖူး
ကျွန်မ လက်ညှိုးထိုးပြမယ်"

"ဘာ' ဦးလေး ဟုတ်လား၊ ကိုယ့်ကို ဦးလေးတဲ့၊ ဟ
ဟား ဟား ဟား"

"ဟို ... ဘယ်လိုခေါ်ရမှန်းမသိလို့ပါရှင်"

ဒါတော့ ဟုတ်သည်။ သူနှင့်ဝန်ထမ်းတွေ တိုက်ရိုက်
တွေ့ဆက်ဆံတာမရှိ။ မန်နေဂျာကတစ်ဆင့် ညွှန်ကြားတာမျိုး
ရှိသည်။

"အင်းလေ၊ ထားပါ၊ ကဲ ... ပြောပါဦး၊ ကြီးပွားချမ်းသ
နေတဲ့မိန်းမတွေ"

"ဆပ်ပြာဆီအမျိုးပေါင်းစုံ ထုတ်လုပ်ဖြန့်ဖြူးရောင်း
တဲ့ **Snow White Manufacturing** ကုမ္ပဏီဒိုင်မ်တ
ပိုင်ရှင်ဟာ အသက်ဆုံးဆယ်ကျော်မိန်းမပါ"

"အင်း ... အဲဒီကုမ္ပဏီ ကိုယ်သိတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အောက်ခြေကလာပြီး ခု ကြီးပွားအောင်မြင်နေပြီလေ"

"ဩော်"

"ပြီးတော့ Miss Clever Fashion"

"အင်း"

"အရမ်းကို အောင်မြင်ကြီးပွားနေပြီ၊ အရင်က ရိုးရိုးအပ်ချုပ်ဆိုင်လေးပါ၊ နောက် အများကြီးရှိပါသေးတယ်"

"အဟင်း ... ရှိပါတယ်၊ ကိုယ်က မင်းကို တမင်မေးတာပါ၊ မင်းက ရည်ရွယ်ချက်ကြီးကြီးမားမားရှိနေတာပဲ"

"ဒီလိုပါရှင်၊ ကျွန်မကလည်း ကြီးကျယ်စရာမရှိ ကြီးကျယ်ကြည့်တာပါ၊ အဟီး"

"ဟား ဟား ဟား ဟား"

နေနိုင်က သဘောကျစွာ ရယ်မောလိုက်သည်။ ထမင်းစားပြီး၍ ထွက်လာကြသူတွေက ရယ်မောနေသော သူတို့ သူဌေးကိုတွေ့၍ အံ့ဩငေးမောကြည့်ကြ၏။

နေနိုင်က အားလုံးကို ပြုံးပြကာ အပေါ်ထပ်ပြန်တက်သွားသည်။

"ဟဲ့ ... ထူးဆန်းလိုက်တာ"

"ငါက ဖွန်တိုးပြန်ရောက်ပြီး အိနှင်းဆီနဲ့စကားပြောနေကြတယ်ထင်တာ"

"သူဌေးက ဘာတွေ သဘောကျသွားတာလဲ အိနှင်းဆီ"

"သိချင် သွားမေးပေါ့"

"အံမယ်"

အိနှင်းဆီက တမင်ပင် ကလိပေးလိုက်၏။ ... ကောင်မတွေ

www.burmeseclassic.com

www.burmeseclassic.com



က နေရာတကာ လျှာရှည်ချင်သည်။ ဆရာလုပ်ချင်သည်။ သူများဘဝကို ဝင်ရောက်စွက်ဖက်ချင်သည်။

ထိုအချိန်တွင် ရုံးတွင်းကို လူတစ်ယောက်ဝင်လာ၏။ လုပ်ငန်းလုပ်သော ကုမ္ပဏီထဲ လူဝင်လာတာ အဆန်းမဟုတ်ပါ။ ဆန်းတာက ဝင်လာသောသူ ဖြစ်သည်။

"ဟာင်"

"အဟဲ"

လူငယ်က ဟဲခနဲရယ်ပြသည်။ အိနှင်းဆီက ...

"ဟဲ့ ... ရှင်တော်တော်အတင့်ရဲပါလား ဟင်'"

"ဗျာ"

"ဒါတော့ ရှင် သိပ်လွန်လွန်းနေပြီ ကိုတုတ်ကြီး"

"ဗုဒ္ဓေါ"

www.burmeseclassic.com

www.burmeseclassic.com



က နေရာတကာ လျှာရှည်ချင်သည်။ ဆရာလုပ်ချင်သည်။ သူများဘဝကို ဝင်ရောက်စွက်ဖက်ချင်သည်။

ထိုအချိန်တွင် ရုံးတွင်းကို လူတစ်ယောက်ဝင်လာ၏။ လုပ်ငန်းလုပ်သော ကုမ္ပဏီထဲ လူဝင်လာတာ အဆန်းမဟုတ်ပါ။ ဆန်းတာက ဝင်လာသောသူ ဖြစ်သည်။

"ဟာင်"

"အဟဲ"

လူငယ်က ဟဲခနဲရယ်ပြသည်။ အိနှင်းဆီက ...

"ဟဲ့ ... ရှင်တော်တော်အတင့်ရဲပါလား ဟင်'"

"ဗျာ"

"ဒါတော့ ရှင် သိပ်လွန်လွန်းနေပြီ ကိုတုတ်ကြီး"

"ဗုဒ္ဓေါ"

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

မော်ဖူးမောင်က မန်နေဂျာကို မေးသည်။ သင်းယုလှိုင်က

"ဘာကိစ္စရှိလို့ပါလဲ' မန်နေဂျာ မအားလို့ပါ၊ ကျွန်မတို့နဲ့ပြောလို့ရရင်ပြောပါ"

"ဟဲ ဟဲ၊ ခင်ဗျားတို့နဲ့ပြောလို့ရမှတော့ ခင်ဗျားတို့နဲ့ပဲ ချိန်းမှာပေါ့၊ ကျွန်တော်က မန်နေဂျာနဲ့ချိန်းထားပြီးသားဗျ"

အိန္ဒြင်းဆီက မော်ဖူးမောင်ကို အကဲခတ်သည်။ ကုမ္ပဏီ အထိလိုက်လာပြီး တမင်တကာနှောင့်ယှက်သလား၊ ဘာလားပေါ့၊ မော်ဖူးမောင်က မန်နေဂျာကိုမေးတော့မှ သက်ပြင်းချနိုင်တော့ သည်။

"သင်းယုလှိုင်ရေ ... ဦးစောဆီလွှတ်လိုက်ပေ့"

မန်နေဂျာဦးစောက အခန်းဝမှ ခေါင်းပြူရင်း အော်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ အိနှင်းဆီနှင့် သင်းယုလှိုင်က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်သည်။

သင်းယုလှိုင်က ...

"သွားလေ၊ အဲဒီအခန်းထဲ ဝင်သွားလိုက်"

"လိုက်မပို့တော့ဘူးလား"

"ဟယ် ... ဒီလူ"

"ခစ်"

အိနှင်းဆီက မော်ဖူးမောင်နှင့်သင်းယုလှိုင်ကိုကြည့်ကာ ခစ်ခနဲရယ်သည်။

သင်းယုလှိုင်က ...

"ဘယ်လိုလူတွေနဲ့လာတွေ့နေရသလဲမသိဘူး"

မော်ဖူးမောင်က ဘာမှပြန်မပြောတော့ဘဲ မန်နေဂျာ အခန်းထဲ ဝင်သွားသည်။

မန်နေဂျာက ...

"ထိုင်ကွာ ... မောင်ရင်လာမယ်ဆိုတာ သူဌေးက ပြော ထားလို့စောင့်နေတာ အခု သူဌေး ထမင်းစားနေတယ်၊ ပြီးမှ သွား တွေ့တာပေါ့"

"ရပါတယ်ဗျာ၊ စောင့်ရမှာပေါ့"

မော်ဖူးမောင်က ဟိုဒီလိုက်ကြည့်ရင်း ...

"လုပ်ငန်းက တော်တော်ဖြစ်တာပဲဗျ"

"ခေတ်က ဒီလုပ်ငန်းတွေ တွင်ကျယ်တာကိုး မောင်ရင်ရဲ့"

မန်နေဂျာဦးစောက မေးတစ်ခွန်းဖြေတစ်ခွန်းပါပဲ။ တခြား အပိုစကား ဘာမှမပြောမဆို မမေးမမြန်းပါ။



www.burmeseclassic.com

www.burmeseclassic.com


ခဏကြာတော့ ကောင်လေးတစ်ယောက်ဝင်လာပြီး ...

"ဦးစော၊ သူဌေး ထမင်းစားပြီးသွားပြီ"

"အေး"

ဒါပဲပြောပြီး အပေါ်ထပ်ခေါ်၍ တက်လာခဲ့ကြသည်။ အပေါ်ထပ်သူဌေးဆိုသူ အခန်းရောက်၍ သူဌေးကို မြင်လိုက်ရမှ တအံ့တသြလက်ဖျားခါရတော့၏။

"အားပါး ... တော်တော်ဥပမိရုပ်ကောင်းတဲ့လူပဲ"

ရုပ်ပါနှင့်ပတ်သက်လျှင် ချူချာသော မော်ဖူးမောင်က သူဌေးဆိုသူကို စိတ်ထဲက ချီးကျူးလိုက်၏။

"ထိုင်ပါ၊ ဦးစောလည်း ထိုင်လေ"

လူက အသက်သုံးဆယ်စွန်းစလောက်ပဲရှိဦးမည်။ ဥစ္စာ၊ ပညာ၊ ရုပ်ရည် ပြည့်စုံလွန်း၍ သူ့ကောင်မလေးအတွက် စိတ်ပူသွား၏။ ကောင်မလေးကရော မှုံနေအောင်ချောလှသူမဟုတ်လား။ ဟဲလေးသီချင်းစာသားလို "သူဌေးအကြိုက် မင်းရုပ်လေးဟာ" ဆိုသလိုပဲ။

ဒီလိုစိတ်ပူစရာကိစ္စတွေ မတွေးမိခင်မှာပင် မော်ဖူးမောင် တစ်ယောက် ကောင်မလေးနောက် အရိပ်လို လိုက်ပါရင်း ဤကုမ္ပဏီကို ရအောင်ဝင်ခဲ့ခြင်းဖြစ်သည်။ ခုလို စိတ်ပူစရာ တွေ့လိုက်ရတော့ ...

"ကိုယ့်ညီနာမည်က မော်ဖူးမောင်နော်"

နေနိုင့်အသံကြောင့် အတွေးစတွေ ပြတ်သွားရသည်။

"ဟုတ်ပါတယ်ခင်ဗျာ"

"ဘယ်လိုအလုပ်မျိုးလုပ်ချင်သလဲ"


www.burmeseclassic.com

www.burmeseclassic.com


"သမ္မာအာဇီဝအလုပ်ဆို ဘာအလုပ်ဖြစ်ဖြစ်လုပ်ချင်ပါတယ်"

"ဒီကုမ္ပဏီကလည်း သမ္မာအာဇီဝလုပ်ငန်းနဲ့ပဲရပ်တည်အသက်မွေးတာပါ"

အင်း။ ကိုယ့်ထက် ပိုရစ်တတ်သူထင်သည်။ မော်ဖူးမောင်ပြုံးမိ၏။

"ဘာတွေ တတ်သလဲ မော်ဖူးမောင်"

သူ နည်းနည်းစဉ်းစားလိုက်သည်။

ပြီးမှ ...

"အမှန်အတိုင်းဖြေရရင် ဘာမှမတတ်ဖူးဗျ၊ အဲ လုပ်မယ်ဆိုရင် ဘာမဆိုလုပ်တတ်ပါလိမ့်မယ်"

"ဘယ်လို ... နားရှုပ်ကုန်ပြီ"

"ဩော် ... ဒီလိုပါ၊ ဒီကုမ္ပဏီက အလုပ်တွေအားလုံးကျွန်တော် လုပ်တတ်တာတစ်ခုမှ မရှိတာဖြစ်ချင်ဖြစ်မယ်၊ ဒါပေမယ့် ဘယ်သူမှ မွေးကတည်းကတတ်လာသူ မရှိဘူးမဟုတ်လား၊ သင်ယူလိုက်ရင် လုပ်တတ်သွားမှာကို ပြောတာပါ"

"ဝန်ထမ်းခန့်ဖို့လား ကိုနေ"

မန်နေဂျာက ဝင်မေးသည်။

"ဩော် ... ဟုတ်တယ် ဦးစော၊ ခုနက သေချာရှင်းမပြရသေးဘူး၊ သူ့ကို ဒီမှာ အလုပ်တစ်နေရာခန့်ဖို့ပါ၊ အဲဒါ လိုအပ်တဲ့နေရာ ကြည့်ပြီး စီစဉ်ပေးပါဦး"

"ကောင်းပါပြီ ကိုနေ"

"မော်ဖူးမောင်က ကျွန်တော့်လုပ်ငန်းပါတနာတစ်ယောက်


www.burmeseclassic.com

www.burmeseclassic.com


"သမ္မာအာဇီဝအလုပ်ဆို ဘာအလုပ်ဖြစ်ဖြစ်လုပ်ချင်ပါတယ်"

"ဒီကုမ္ပဏီကလည်း သမ္မာအာဇီဝလုပ်ငန်းနဲ့ပဲရပ်တည်အသက်မွေးတာပါ"

အင်း။ ကိုယ့်ထက် ပိုရစ်တတ်သူထင်သည်။ မော်ဖူးမောင်ပြုံးမိ၏။

"ဘာတွေ တတ်သလဲ မော်ဖူးမောင်"

သူ နည်းနည်းစဉ်းစားလိုက်သည်။

ပြီးမှ ...

"အမှန်အတိုင်းဖြေရရင် ဘာမှမတတ်ဖူးဗျ၊ အဲ လုပ်မယ်ဆိုရင် ဘာမဆိုလုပ်တတ်ပါလိမ့်မယ်"

"ဘယ်လို ... နားရှုပ်ကုန်ပြီ"

"ဩော် ... ဒီလိုပါ၊ ဒီကုမ္ပဏီက အလုပ်တွေအားလုံးကျွန်တော် လုပ်တတ်တာတစ်ခုမှ မရှိတာဖြစ်ချင်ဖြစ်မယ်၊ ဒါပေမယ့် ဘယ်သူမှ မွေးကတည်းကတတ်လာသူ မရှိဘူးမဟုတ်လား၊ သင်ယူလိုက်ရင် လုပ်တတ်သွားမှာကို ပြောတာပါ"

"ဝန်ထမ်းခန့်ဖို့လား ကိုနေ"

မန်နေဂျာက ဝင်မေးသည်။

"ဩော် ... ဟုတ်တယ် ဦးစော၊ ခုနက သေချာရှင်းမပြရသေးဘူး၊ သူ့ကို ဒီမှာ အလုပ်တစ်နေရာခန့်ဖို့ပါ၊ အဲဒါ လိုအပ်တဲ့နေရာ ကြည့်ပြီး စီစဉ်ပေးပါဦး"

"ကောင်းပါပြီ ကိုနေ"

"မော်ဖူးမောင်က ကျွန်တော့်လုပ်ငန်းပါတနာတစ်ယောက်


www.burmeseclassic.com

www.burmeseclassic.com

ရဲ့ ပတ်သက်ပတ်သက်ကြောင်းတွေဆိုပါတော့ ဦးစောရယ်၊ အဲဒါ နည်းနည်းဂရုစိုက်ပေးပါ"

"ကောင်းပါပြီ ကိုနေ"

"ဟာ ... ဂရုစိုက်စရာမလိုပါဘူးခင်ဗျာ၊ ကျွန်တော် အဲသလိုအခွင့်အရေးမျိုးမလိုချင်ပါဘူး၊ အလုပ်ကို ကောင်းကောင်း လုပ်မယ်၊ ထိုက်သင့်တဲ့လုပ်အားခရမယ်၊ ဒါပါပဲ"

"ဟုတ်ပါပြီ၊ ဟုတ်ပါပြီ၊ ခုလို ... ကိုယ့်ညီစိတ်ဓာတ်ကို သိရတော့ လေးစားပါတယ်"

"ကျွန်တော်ကလည်း အလုပ်ပေးတဲ့အတွက် အထူးကျေးဇူး တင်ပါတယ်ခင်ဗျာ"

"မနက်ဖြန်အလုပ်စဆင်းမယ်မဟုတ်လား"

"ဆင်းမှာပါခင်ဗျာ"

"လောလောဆယ်တော့ ဘာရာထူးညာရာထူးသတ်မှတ် မပေးနိုင်သေးတာ ခွင့်လွှတ်ပါ"

"ဟာ ... မလိုပ့ါဘူး အစ်ကို၊ ကျွန်တော် အဲသလောက်ထိ တွေးမထားပါဘူး"

"အခက်အခဲရှိရင်ပြောပါ၊ အကူအညီလိုရင်လည်း ဘာ အကူအညီလိုလိုပြောပါ၊ ကိုယ်လုပ်ပေးနိုင်တာဆို လုပ်ပေးပါ့မယ်"

ကောင်းလေစွ၊ ကောင်းလေစွတကား။

လောကကြီးက ဒီလိုဆိုတော့လည်း မဆိုးပါ။ မချမ်းသာ ပေမယ့် ကိုယ်လုပ်ချင်တာ ... ကိုယ်ဖြစ်ချင်တာ ဖြစ်နေရတာပဲ မဟုတ်လား။

အကောင်းတကာ့အကောင်းဆုံးက ကောင်မလေးနှင့်နှား



www.burmeseclassic.com

www.burmeseclassic.com

မှာ တစ်နေ့ကုန်နေ့ခွင့်ရခြင်းပင်။ ကောင်မလေးမျက်နှာလေးကို နေ့စဉ် မော်ဖူးခွင့်ရပေတော့မည်။

ဩော် ... နာမည်ကိုက မော်ဖူးမောင်ပဲဥစ္စာ။


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"လာပြန်ပြီ နောက်တစ်ယောက်"

"ဘာလဲ ဦးစော"

"ဩော် ... ခုတလော ဘာမှမတတ်တဲ့သူတွေပဲ ကုမ္ပဏီ ရောက်လာသလားလို့ပါ"

"ဟော့ဗျာ ဦးစော"

ဦးစောက စကားကို အမှတ်တမဲ့ပြောလိုက်မိပြီးမှ မျက်နှာ ပျက်သွား၏။ ပြီးမှ ...

"အင်း ... ခုတော့ အိန္ဒြေဆီလည်း အားကိုးရပါပြီ၊ ဟို ကောင်လေး မော်ဖူးမောင်ကသာ ဘယ်လိုလာမလဲမသိဘူး"

"စောင့်ကြည့်ပါဦးလေ၊ ခုမှ အစပဲရှိသေးတာ"

"ကိုနေပြောတာ ဟုတ်ပါတယ်၊ စမ်းကြည့်ရဦးမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



နေနိုင်က ဦးစောသဘောကို နားလည်ပါသည်။ ဦးစော က အလုပ်နှင့်ပတ်သက်လျှင် လောဘကြီးပြီး တိကျပြတ်သားသူ ဖြစ်၏။

သို့သော် ... တစ်ပတ်မကြာပါ။ မော်ဖူးမောင်ဗီဇကို တွေ့ မြင်လာကြသည်။

"ဒီကောင်လေး မဆိုးဘူး ကိုနေ၊ ဘာမှမတတ်ဘူးလို့လို နဲ့ ပစ္စည်းသွားပို့ရင်လည်း ကားကို သူ့ဖာသာမောင်းသွားတယ်၊ လာသမျှ **Customer** တွေအပ်တဲ့အလုပ်ကိုလည်း လိုချင်တဲ့ဆိုဒ် နဲ့ကုန်ကျမယ့် စက္ကူကအစ တွက်ပေးနိုင်တယ်"

"အင်း"

"ပြီးတော့ ဒီကောင်လေးရဲ့အားအသာဆုံးအချက်က မိတ် ဆွေပေါ်တာပဲ၊ အလုပ်ဝင်တဲ့တစ်ပတ်အတွင်း သူ့မိတ်ဆွေတွေထဲ က ကတ်တို့၊ ဘောက်ချာတို့လာအပ်တာ နှစ်ဦးသုံးဦးရှိပြီ"

"ဪ"

"ပြက္ခဒိန်ရာသီနီးပြီဆိုတော့ တချို့လုပ်ငန်းကြီးတွေက ပြက္ခဒိန်အပ်ကြလိမ့်မယ်၊ ဦးစောတို့ကုမ္ပဏီရောက်လာဖို့ မော်ဖူး မောင်လျှာထားတာတွေ တော်တော်များတယ်"

"အင်း"

နေနိုင်က ခပ်တွေတွေ စဉ်းစားသည်။ ပြီးမှ ...

"ကျွန်တော်တို့ကုမ္ပဏီ **Customer** တွေတိုးတာ ဝမ်းသာ စရာပေါ့ဗျာ၊ ဒါပေမယ့် ... ဦးစော အဲ့ဒီကောင်လေးကို ဘယ်လို မြင်သလဲ"

"အချိန်တိုလေးအတွင်း ဦးစောအမြင်ပြောရရင်တော့



www.burmeseclassic.com

www.burmeseclassic.com



စီးပွားရေးလုပ်ငန်းတစ်ခုကို သူသာ စွဲစွဲမြဲမြဲလုပ်ရင် အောင်မြင်ကြီးပွားမယ့်သူမျိုးပဲ"

"မော်ဖူးမောင်ကိုကြည့်ရတာ တစ်ခုခုတော့ တစ်ခုခုပဲလို့ထင်တယ်"

"ဘယ်လိုတစ်ခုခုလဲ"

"နောက်ကွယ်မှာ အကြောင်းတစ်ခုခု ရှိလိမ့်မယ်လို့ ထင်တယ်"

"ဒါဆို သူ့ကို အလုပ်ပေးဖို့ပြောတဲ့ ကိုနေ့မိစ်ဆွေဆီ နည်းနည်းပါးပါး မေးမြန်းတီးခေါက်ကြည့်ပါလား"

"ဟုတ်တယ်၊ သေချာမေးမြန်းကြည့်ရမယ်၊ ဦးစောလည်း ရှုစိုက်စောင့်ကြည့်"

နေနိုင့်ရင်ထဲ တစ်ခုခုကို ဘဝင်မကျသလို ဖြစ်နေသည်။ စိုးရိမ်သောကနှင့်ပူပန်မှုလေးလည်းဖြစ်ပေါ်နေသည်။

သူ့ရင်ထဲ အမြစ်တွယ်နေသော စွဲလမ်းမှုလေးတစ်ခုက ဆိုသို့သော စိုးရိမ်သောကနှင့်ပူပန်မှုကို အားပေးအားမြှောက်ပြုလေ၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"ဒီမှာ ... ရှင် ပိုက်ဆံတွေ သိပ်ပေါ်နေသလား ဖူးမောင်"

"ဗျာ"

"ရှင် အူကြောင်ကြောင်လုပ်မနေနဲ့နော်၊ ကျွန်မရဲ့ နေရေး စားရေး၊ သောက်ရေးကို ရှင်က ဘာလို့စီမံပေးနေရတာလဲ"

"ဗျာ"

မော်ဖူးမောင်နှင့်အိနှင်းဆီအဖြစ်ကိုကြည့်ပြီး ဇွန်တိုးက တခစ်ခစ်ရယ်သည်။ ဒီပြဿနာက တစ်နေ့လည်းမဟုတ်၊ တစ်ရက်လည်းမဟုတ်။

ဒီကုမ္ပဏီကို မော်ဖူးမောင်ရောက်မလာခင်ကတည်းက အချိန်တန် ပန်းစည်းလေးရောက်လာလိုက်၊ မနက်ခင်းကော်ဖီ ရည်နှင့်မုန့်လေးရောက်လာလိုက်၊ ထမင်းစားချိန် ထမင်းရောက်



www.burmeseclassic.com

www.burmeseclassic.com



ဘာလိုက်နှင့်အချိန်ကိုမှန်နေ၏။

ယခု ကုမ္ပဏီကို မော်ဖူးမောင်ရောက်လာတော့မှ ရန်တွေ့လို့ရသွားသည်။

"အိ ... ဘာတွေပြောနေတာလဲ"

"ကြည့် ... ဝန်မခံဘဲ အဲသလို မသိသလိုလုပ်တာကို အသဲယားတာ"

တစ်ခုခုတော့မှားနေတာ သေချာပြီ။ အိနှင်းဆီထံပါး အဆင်သင့်ရောက်ရောက်လာတဲ့ စားဖွယ်သောက်ဖွယ်တွေက သူ့ဖိတ်ဆံနှင့်သူ မှာစားနေတာမဟုတ်ဖူးလား။

"နို့ ... နေစမ်းပါဦး၊ ကျွန်တော် ပိုးနေတဲ့ကောင်မလေးကို အချိန်နဲ့အချိန် မျက်နှာလုပ်အမှတ်ယူကျွေးမွေးနိုင်တာ ဂုဏ်ယူရမှာပေါ့၊ ဘာလို့ ကျွန်တော်က ငြင်းရမှာတုန်း"

မော်ဖူးမောင်စကားကြောင့် အိနှင်းဆီ တစ်ချက်တွေသွားပြီး ဇွန်တိုးကို လှမ်းကြည့်သည်။ ဇွန်တိုးက ...

"အဲဒါ ကိုတုတ်ကြီးရဲ့စတိုင်လ်တစ်မျိုး မဟုတ်လား"

"ဗျာ"

မော်ဖူးမောင်က အိနှင်းဆီကို တစ်ခုတော့ ကျေးဇူးတင်သည်။ သူများတွေအားလုံး သူ့ကို တုတ်ကြီးဟုသာ ခေါ်ကြသော်လည်း အိနှင်းဆီက ဖူးမောင်ဟုခေါ်၏။ ချစ်ဖို့ကောင်းလေစွာတကား။

"ကြားမှာ တစ်ယောက်ယောက်တော့ရှိရမယ်ဗျ"

"ဟင်' ဘာလဲ"

"ဘယ်သူရှိတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ထားပါလေ၊ ဘာမှမဟုတ်ပါဘူး၊ ဒါနဲ့ အိက ထမင်းဘူး ဘာလို့ထည့်မလာတာလဲ"

"ဩော် ... ဇွန်တိုးလို ထမင်းဘူးအရံသင့်ထည့်ပေးမယ့် အမေမှ မရှိတာ"

"အိဖာသာ ချက်ပြီးထည့်ခဲ့ပေါ့"

"အချိန်မပေးနိုင်ဘူးရှင့်၊ ကျွန်မမှာ တခြားလုပ်စရာတွေ အများကြီးရှိသေးတယ်"

"ဘာပဲဖြစ်ဖြစ်ပေါ့ဗျာ၊ ကိုယ့်ဗိုက်ကို ထမင်းလေးတော့ ပုံမှန်ကျွေးရမှာပေါ့"

"ထမင်းမစားဘဲ အသက်ရှင်အားရှိတဲ့နိုင်ငံတွေ အများကြီးပါ၊ ရှင်လိုက်ပူမနေပါနဲ့"

"ဩော် ... ကိုယ်ပိုးနေတဲ့မိန်းကလေး"

"တော်ပါတော့ ... ရှင် လူရှေ့သူရှေ့ ဒီပိုးတာကြီး ထည့်ပြောမနေပါနဲ့ ... ဟွန်း"

"ခစ်"

ဇွန်တိုးက ရယ်သည်။

"ဒါဆို နှစ်ယောက်ထဲကျမှပဲပြောတော့မယ်ဗျာ"

"သေလိုက်"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"ကားပေါ်တက် အိနှင်းဆီ"

"ရှင်'"

အိနှင်းဆီနဘေးကို မတ်တူးရွှေငါးလေးတစ်စီး ထိုးရပ်သည်။ ကြည့်လိုက်တော့ နေနိုင်။

"ကားပေါ်တက်ဆိုတာနဲ့ လန့်မသွားပါနဲ့ ... ရုံးကိုသွားမှာ မ်းကြုံနေလို့ခေါ်တာ"

"အဲ ... ဟို ... ဟို"

သူက လမ်းကြုံလို့ခေါ်တာဆိုပေမယ့် ကိုယ်က ဘယ်လို ပ်လိုက်ရပါ့မည်နည်း။ လူဆိုတာ ဒူးနေရာဒူး၊ တော်နေရာတော် ဟုတ်လား။ ကိုယ်က မိန်းကလေး။ ပြီးတော့ ပတ်ဝန်းကျင်က သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျယ်ကျယ်ပြန့်ပြန့် ရှည်ရှည်ဝေးဝေးတွေ စဉ်းစားမ
ပါနဲ့ အိနှင်းဆီ၊ ရုံးမရောက်ခင် ဘတ်စ်ကားမှတ်တိုင်နား ချထာ
ပေးခဲ့ပါ့မယ်"

ခက်လိုက်တာ။ ဘာဆက်ပြောရပါ့မလဲ။

"အိနှင်းဆီ"

"ဟုတ်"

ပစ်ပစ်ခါခါငြင်းလိုက်လို့လည်းမကောင်းပေ။ သူလည်
လူကြီးလူကောင်းတစ်ယောက်ပေပဲ။

ထိုအချိန်တွင် သူတို့အဖြစ်အပျက်ကို အစအဆုံးမြင်သ
တစ်ယောက် မလှမ်းမကမ်းတွင်ရှိနေသည်။ ထိုသူက အချိန်မီ
ကလေး ရှုတ်ဆို မိုးပေါ်ကကျလာသလို ကားအနီးရောက်လာ၏

"ဟော့ အိ၊ ဘာလုပ် ... ဟင် ... **Boss**"

မော်ဖူးမောင်က အိနှင်းဆီကို အရင်မြင်၍ နှုတ်ဆက်သ
ဟန်ဆောင်ရင်း ပြီးမှ နေနိုင့်ကိုမြင်သလို တအံ့တသြနှုတ်ဆ
သည်။

"ဟို ... ကျွန်တော်က ရုံးက ဝန်ထမ်းချင်း ဘာများဖြ
သလဲ ကူညီမလို့ပါ"

"ကိုယ်က ဒီနားမှာ အိနှင်းဆီကိုတွေ့ပြီး လမ်းကြုံတ
သွားမလို့ ပြောနေတာ ... ကိုယ့်ညီလည်း အတော်ပဲပေါ့၊ ညီ
လိုက်ခဲ့"

"ဟာ ... မဟုတ်တာ အစ်ကို၊ ရပါတယ်၊ ကျွန်တော်
ဒီလိုသွားရတာပဲကြိုက်တယ်၊ ကျေးဇူးတင်ပါတယ်ခင်ဗျာ"

"ဟို ... ကျွန်မလည်း ဘတ်စ်ကားနဲ့ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ အိနှင်းဆီ၊ သူငယ်ချင်းနဲ့ပဲသွားလိုက်ပါ"

နေနိုင်က ဒါပဲပြောပြီး ကားကို မောင်းထွက်သွားသည်။ အိနှင်းဆီက ခပ်တွေတွေဖြစ်ကျန်ခဲ့ပြီး မော်ဖူးမောင်က လက်ဝါး နှစ်ဖက်ဖြန့်၊ ပခုံးကို တွန့်ပြလိုက်၏။

"ဒီအကွက်တွေက ရုပ်ရှင်တွေထဲမှာပဲရှိတာ ဘယ်သူ့ဒွေး မျိုးက သူတို့ကားပေါ် အလုပ်သမားကို လမ်းကြုံတင်ခေါ်မလဲ' ဒါ မရှိးသားဘူး ...ဟင်း"

"အောင်မာ ... ရှင်ကရော ရိုးသားလို့လား' ရှင် ပိုဆိုး သေးတယ်"

"ဒီမှာ မိန်းကလေး၊ ကျွန်တော်က လက်သီးပုံးမသုံးဘူးဗျ၊ ကြောက်စရာမကောင်းဘူး၊ လက်သီးပုံးကသာ ကြောက်စရာ ကောင်းတာ"

"တော်ပါ၊ ပင်လယ်ဝါနဲ့ပင်လယ်နီ အတူတူပါပဲ"

"ဘာလဲ' ယောကျ်ားတွေကို မာယာများတယ်လို့ ဆိုချင် တာလား"

"ဟုတ်တယ်"

"အမ်"

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

"ဘာ' မင်းချစ်သူကောင်မလေးကြောင့် ရင်ပူနေရတယ် ဟုတ်လား နေနိုင်"

"ဝါး ဟား ဟား ဟား"

သူ့စကားကြောင့် စိုးလင်းဦးနှင့်ကျော်မင်းက ဝါးလုံးကွဲ ရယ်လိုက်ကြသည်။ ဒီကောင်တွေက ဒီလိုပဲ။ မိန်းမလေးတစ် ယောက်ရထားပြီး မာန်တက်နေကြသူတွေ။ သူ့ကိုဆို သီပ်အထင် သေးကြတာ။

"အေးပါ၊ ရယ်ပါ၊ ငါ မင်းတို့ကို အကောင်လိုက်ပြမှ ရင်သပ်ရှုမောမအံ့သြကြနဲ့၊ ငါ့ကောင်မလေးက မင်းတို့မိန်းမတွေ လို ခုနစ်အိုရှစ်အိုပုံဆိုးပန်းဆိုးအဘွားကြီးမဟုတ်ဖူး၊ နုနုငယ်ငယ် အလန်းလေး"

www.burmeseclassic.com

www.burmeseclassic.com



"လုပ်နေ၊ အသက်ပြည့်ရဲ့လား"

"ကြည့်လည်းလုပ်ပါဦး နေနိုင်ရာ"

"မင်းတို့ကလည်းကွာ၊ မဟုတ်ပါဘူး၊ မထူးပါဘူး၊ ပြောပြတော့မယ်၊ ငါက မောင်သီပါစုံမှပြောစလို့ ခု မင်းတို့က ဟားနေတော့ ပြောမယ်"

"လုပ်စမ်းပါဦး"

"ပုံပြင်လား"

ဒါတောင် စိုးလင်းဦးနှင့်ကျော်မင်းက လှောင်သလို လုပ်နေကြသေး၏။ သူက ...

"လွန်ခဲ့တဲ့နှစ်နှစ်ကျော် သုံးနှစ်လောက်ကတည်းက ငါ့မှာ ချစ်သူရှိနေခဲ့တယ်"

"ဟေ"

"အဟုတ်"

"ငါ အိမ်ထောင်ပြုမယ်ဆိုပြီး မိန်းကလေးတွေ တစ်ယောက်ပြီးတစ်ယောက်တွေ့ခဲ့တယ်၊ ဒါပေမယ့် စိတ်တိုးမကျဘဲ အမြဲတစ်ခုခုလိုနေသလို ခံစားရတယ်၊ အဲ့ဒါ အချစ်ပဲပေါ့"

"ဩော်"

"အဲဒါ ငါတို့တောင်မသိဘဲ ဘယ်လိုချစ်သူရှိသွားတာလဲ"

"အဟဲ ... ငါ့ဖာသာ တစ်ဖက်သတ်ချစ်နေခဲ့တာပေါ့"

"သေဟ"

"မင့်အတွက် တစ်ဖက်သတ်ပဲချစ်စရာလား၊ မင်းမှာ အငြင်းခံရမယ့်အရည်အချင်းမှ မရှိတာ"

"မဟုတ်ဖူး၊ သူ့ကို ငါ နှစ်နှစ်လုံးလုံးလိုက်ရှာနေခဲ့တာ

www.burmeseclassic.com

www.burmeseclassic.com



ပြန်တွေ့တာ မကြာသေးဘူး"

"ဟာ ... မကြာသေးလည်း အပြန်အလှန်ချစ်သူဖြစ်သင့်ပြီပဲ၊ ဘာဖြစ်လို့ ခုထိ ငါတို့တောင်မသိတာလဲ"

"ဟော ... ဟိုမှာ မောင်သီလာပြီ၊ အတော်ပဲ မင်းတို့ကို ငါ ဒီအကြောင်းတွေ အစအဆုံးပြောပြမယ်"

"ဘာ့အကြောင်းတွေလဲကွ"

မောင်သီက မထိုင်ရသေးခင် လှမ်းမေးသည်။

"လာပါလေ၊ အရင်ထိုင်စမ်းပါဦး"

ဤသို့ဖြင့် သူက သူ့နှလုံးသားရေးရာကဏ္ဍကို သူငယ်ချင်းများထံ လှစ်ဟပြသခဲ့သည်။

သြော် ... အချစ်သည် တစ်ခါတရံ၌။

❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

သူ့နှလုံးသားစစ်တလင်းမှာ ပြိုင်ဖက်ရှိနေပြီဆိုတာ မော်ဖူးမောင်သိလိုက်ရသည်။ မိန်းမလှလေးတစ်ယောက်ကို ချစ်မိမှတော့ ကိုယ်လိုသူလိုပြိုင်ဖက်တွေရှိမှာကို သိထားပြီးသားပင်။

သို့သော် ... ယခုတွေ့လိုက်ရသောပြိုင်ဖက်က မော်ဖူးမောင်အတွက် စိုးရိမ်စရာကောင်းလှ၏။ အင်မတန်အရည်အချင်းပြည့်ဝ၍ ရှားပါးသောပြိုင်ဖက်ဖြစ်သည်။

အိနှင်းဆီကို ပန်းတော်ဆက်၊ စားတော်ဆက်အချိန်မှန်လုပ်နေသူကို မော်ဖူးမောင် ခြေရာခံမိပြီ။ ဘယ်သူဆိုတာ သိပြီးပြီ။ သူ့လို ပြောင်ပြောင်တင်းတင်းချစ်ခွင့်မပန်ဘဲ မည်သည့်အတွက်ကြောင့် နောက်ကွယ်ကနေ ပံ့ပိုးနေမှန်းတော့ မသိ။

အင်းလေ။ ပေါ်တင်ပံ့ပိုးတော့ရော ဘယ်မိန်းကလေးက



www.burmeseclassic.com

www.burmeseclassic.com



လက်ခံပါမည်နည်း။ ဒီကိစ္စ မော်ဖူးမောင်သိနေတာ အိနှင်းဆီကို မပြောပါ။ အိနှင်းဆီကလည်း မော်ဖူးမောင်ကိုပဲ ထင်နေသည်။ ဒါကို သူက အသာလေး မှိန်းနေခဲ့၏။

ဒါကိုပဲ အိနှင်းဆီက ...

"ဒီမှာ ဖူးမောင်"

"အင်း"

"ရှင် ဒီလိုပိုးကြေးပန်းကြေးတွေ ပေးနေ၊ ကျွေးနေလို့လည်း ကျွန်မက ပြန်ချစ်ချင်မှချစ်မှာ၊ ဘာမှမပေးမကျွေးလည်း ချစ်မိချင်ချစ်မိမှာပဲ"

"ပြန်ချစ်တာတွေ မချစ်တာတွေ ပြောမနေပါနဲ့ အိရယ်၊ ကျွန်တော်က အိကို တရားဝင်ရည်းစားစကားမပြောရသေးပါဘူး"

"ရှင် ဟာ လေ"

"ကျွန်တော့်ဘဝ ဒီလိုအခြေအနေမျိုးနဲ့အသက်မက ချစ်ခင်မြတ်နိုးရတဲ့ချစ်သူကို ဘယ်လိုချစ်ခွင့်ပန်ရက်မှာလဲဗျာ၊ ဘဝ အခြေအနေတိုးတက်လာမှပဲ"

"အံမယ် ... ရှင်တိုးတက်တဲ့အထိ ကျွန်မကစောင့်နေရဦးမယ်၊ ရှင်ဟာလေ အတော့်ကို လူပါးဝတယ် သိလား ဖူးမောင်၊ ဟွန့် ဒီမယ်"

"ပြော"

"ရှင် အပိုတွေမလုပ်ရင် ကောင်းမယ်၊ အစားအသောက် လွှင့်ပစ်ရလည်းအခက်၊ စားရတာလည်း မျိုမကျ၊ သူများကိုကျွေး ပစ်လိုက်ရအောင်ကလည်း မဟုတ်"

"ခက်တာပဲဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ခက်မနေနဲ့၊ အကောင်းပြောတာ၊ ရှင်က အရည်အချင်းရှိပြီး တော်တယ်၊ စိတ်ရင်းရိုးသားဖြူစင်တာလည်း ကျွန်မသိတယ်၊ တစ်ချိန်ချိန် ကျွန်မအိမ်ထောင်ပြုစေဖို့ဆိုရင် ရှင့်ကို ဦးစားပေးစဉ်းစားတဲ့စာရင်းထဲထည့်မှာပါ ဖူးမောင်"

"ခုထဲက စဉ်းစားထားပေါ့ဗျာ၊ ဒူးလောက်တင်မှ ရင်လောက်ကျတာ"

"ရှင်ဟာလေ၊ တော်တော်တရားကျဖို့ကောင်းတယ်သိလား ဖူးမောင်၊ ချစ်ခွင့်မပန်သေးလို့သာ တော်တော့တယ် ဟွန်း"

"ဒါကတော့ဗျာ ... ချစ်တာကိုး ... အဲ"

မော်ဖူးမောင်ဆိုတာ အဲသလိုလူစားမျိုး။ အကြောင်းမသိရင် တကယ့်ကို ရိုက်ပေါက်ပါပဲ။

အကြောင်းသိတော့လည်း ရိုက်ပေါက်ပါပဲလေ။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၄)

"အိနှင်းဆီကို သူ့ဌေးရဲ့ Secretary ခန့်လိုက်ပြီတဲ့"

အဲဒီသတင်းက တစ်မနက်လုံး ရုံးမှာ ပျံ့နေ၏။ တိုးတိုး တစ်မျိုး၊ ကျယ်ကျယ်တစ်ဖုံပြောကြသည်။ ဒီထက်ပိုသေချာသိချင်သူက မန်နေဂျာထွက်လာချိန်မေးသည်။

"အဲဒီသတင်းအမှန်ပဲလား ဦးစော"

"အမှန်ပဲ၊ နေ့လည်အစည်းအဝေးကျရင် တရားဝင်ကြေငြာမယ်၊ သူ့ဌေးမှာ Secretary တစ်ယောက်ရှိသင့်တာကြာပြီ၊ အိနှင်းဆီက အရည်အချင်းပြည့်မီတယ်"

ဦးစောက လူတစ်ယောက်ကို တော်ရုံတန်ရုံ ချီးကျူးခဲ၏။ တကယ်လည်း အိနှင်းဆီက ထက်မြက်ပါသည်။

"ကောင်မလေးက သာမန်မိန်းကလေးမဟုတ်ဘူး၊ ထက်

www.burmeseclassic.com

www.burmeseclassic.com


ဆက်မြက်မြက်နဲ့အစွမ်းအစရှိတယ်"

ဒါလည်း ဟုတ်သည်။ လွန်ခဲ့တဲ့ နှစ်နှစ်သုံးနှစ်ကတည်းက အလုပ်ဝင်သော သင်းယုလှိုင်၊ ဇွန်တိုးတို့ထက် နှစ်လသုံးလမှ အင်္ဂလိပ်စာစသင်သော အိနှင်းဆီက အရေးအပြော ပိုကောင်းပြီး ပိုသွက်၏။ အာရုံစူးစိုက်မှုနှင့် လေ့လာအား ကောင်းသည်။လုပ်ငန်းကို ကွက်ကျော်မြင်သည်။ ဖြေရှင်းစရာ ကိစ္စမျိုးကြုံလျှင် မန်နေဂျာတို့၊ သူဌေးတို့အထိ မရောက်ဘဲ သူ့ဖာသာ ပြေလည်အောင် ဖြေရှင်းသည်။ တခြား အားသာချက်တွေလည်း ရှိပါသေး၏။

"ဟဲ့ ... အဲသလိုပြောကြေးဆို တုတ်ကြီးကျ ဘယ်လိုလုပ်မလဲ' ဘက်စုံတော်တာပဲ"

ဒီစကားကို သီတာက ဝင်ပြောခြင်းဖြစ်သည်။

သင်းယုလှိုင်က ...

"အေးလေ၊ တုတ်ကြီးကိုလည်း ရာထူးတိုးပေးသင့်တာပေါ့၊ ယောကျ်ားလေးအချင်းချင်းမို့ **Secretary** ခန့်ဖို့အသည်းယားတယ်ဆိုလည်း၊ ဒုမန်နေဂျာလောက်တော့ ပေးသင့်တယ်"

"ဒါတော့ သူဌေးကို အထင်မလွဲကြပါနဲ့ဗျာ၊ ခင်ဗျားတို့မသိလို့ပါ၊ သူဌေးက ကျွန်တော့်ကို ရာထူးပေးတယ်၊ ကျွန်တော်မယူချင်လို့ မယူတာ"

"ဗုဒ္ဓေါ"

"ရှူးနေလို့လား"

ကျန်တဲ့လူတွေက တစ်ယောက်တစ်ပေါက် ဝိုင်းပြောဝိုင်းဆေဖန်ကြပေမယ့် အိနှင်းဆီကတော့ ဘာမှ မပြောပေ။

"တစ်ခါတလေ ... အဲဒီတုတ်ကြီးကလည်း တစ်မျိုးနော်"


www.burmeseclassic.com

"ဟုတ်ပ၊ သူနဲ့အိနှင်းဆီနဲ့လိုက်တယ်၊ ဘယ်လိုလူစားမျိုး တွေမှန်းမသိဘူး၊ အကျင့်တွေက မာကျောပြင်းထန်တယ်"

"အဟဲ ... လူဆိုတာ မွေးကတည်းက သူ့အကြောင်းနဲ့သူ ပါလာကြပြီးသားဗျ"

"ကဲပါ၊ သူ့အကြောင်းနဲ့သူအသာထား၊ ကျွန်မတို့သူဌေး လူပျိုကြီးက ရိုးမှရိုးရဲ့လား၊ အိနှင်းဆီကို သဘောကျနေတယ်လို့ သီတာထင်တယ်"

သီတာက တိုးတိုးလေးပြောသည်။

"ယုလည်း ထင်တယ်၊ ဒီပြိုင်ဖက်နဲ့သာဆို ကိုတုတ်ကြီး တော့ နားထားပဲ"

"ကာယကံရှင်သဘောလည်း မေးပါဦးလေ၊ ကျွန်တော့် အပေါ် အလေးသာချင်သာနေမှာပေါ့"

"ဟွန်း"

မော်ဖူးမောင်စကားကြောင့် အိနှင်းဆီက မျက်စောင်းထိုး သည်။ ဖွန်တိုးက တခစ်ခစ်ရယ်မောလျက် ...

"ရှင်က နာမည်နဲ့တင် ရှုံးနေပြီ၊ ဘယ့်နှယ်တုတ်ကြီးတဲ့ ခစ် ခစ်"

"ဟာဗျာ၊ ဒါတော့ လူတိုင်းမှာ **nickname** ရှိကြတာပဲ အိနှင်းဆီဆိုလည်း ဖောင်းဖောင်းတဲ့"

"ဒါက မျက်နှာဖောင်းဖောင်းလေးမို့ ချစ်စနိုးခေါ်တာ နားထောင်ကောင်းတယ်၊ ရှင့်တုတ်ကြီးက ဘာကြီးလဲ"

"ကျွန်တော့်လည်း ကျွန်တော့်အဖေက ချစ်စနိုးခေါ်ခဲ့တာ ပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ၊ ဘာလို့ အဲသလိုခေါ်တာလဲ"

"ဟုတ်တယ် ကိုတုတ်ကြီး၊ အဲဒီအကြောင်းပြောပြပါဦး"

"ခင်ဗျားတို့ဗျာ မိန်းကလေး[illegible]ဖြစ်ပြီး"

"ဘာဖြစ်လဲ'"

"ဒါဆိုလည်း ပြောပြရတာပေါ့၊ ကျွန်တော့်အဖေက ကျွန်တော် ငယ်ငယ်လေးကတည်းက ကျွန်တော့်လက်မောင်းလေးတို ကိုင်ပြီး တုတ်တုတ်ကြီးကြီးလေးမို့"

"တုတ်ကြီးလို့ခေါ်ခဲ့တာလား"

"လုံးဝမဟုတ်ဖူး၊ အဒါကြောင့် အဲသလိုခေါ်ခဲ့တာမဟုတ်ဖူး၊ တခြားဟာဖြစ်လိမ့်မယ်၊ တော်ပါပြီဗျာ၊ ခင်ဗျားတို့က နည်းနည်းမှ အကျင့်မကောင်းဘူး၊ လက်ဖက်ရည်နဲ့မုန့်ကျွေးရင် တုတ်ကြီးလို့မခေါ်ဘူးဆိုပြီး"

"အံမယ် ... တစ်ခါတလေ ကျွန်မတို့ကျွေးရတာလေးကို အသံထွက်ညည်းနေတယ်"

"ဟုတ်ပါ့၊ ဖောင်းဖောင်းဆို အကောင်းစားအစားတွေ နေ့တိုင်းပဲ ကျွေးနေပြီးတော့"

"အဲဒါ ကျွန်တော်မဟုတ် ... ထားပါဗျာ၊ ဒါနဲ့ ခင်ဗျားတို့ စကားတွေကလည်း ဟိုရောက်ဒီရောက် ဘယ်တွေရောက်ကုန်ပြီလဲ"

"ဘယ်ရောက်ရောက် အဓိကပြောချင်တာတော့ သူ့ဌေးက ဖောင်းဖောင်းကို စိတ်ဝင်စားနေတယ်ဆိုတာပဲ"

ဇွန်တိုးက လေသံကိုနှိမ့်ပြီး ခပ်တိုးတိုးပြောသည်။

မော်ဖူးမောင်က ...



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ ... ကျွန်တော်တောင် စိတ်ဝင်စားတာ သူလည်း ယောကျ်ားပဲ၊ စိတ်ဝင်စား ... အား လား လား"

သူ့စကားမဆုံးခင် အိန္ဒိယဆီ ဆွဲဆိတ်တာကို ခံလိုက်ရ၏။

"လူရှေ့သူရှေ့ အဲဒီစကားပြောရတာ သိပ်အာတွေ့နေ တယ်ပေါ့ ဟုတ်လား"

"ဒါတော့ အိပဲ စဉ်းစားကြည့်လေ"

"အို ... သွား၊ ဘာမှ ကျွန်မကို စဉ်းစားခိုင်းမနေနဲ့ ရှင်နဲ့ ခပ်ဝေးဝေးနေတာပဲကောင်းတယ်"

သူတို့နှစ်ယောက်ကိုကြည့်ပြီး အားလုံးက ရယ်ကြသည်။

"ခုတော့ ... ဒီစကားပြောပြီပေါ့၊ သူငွေးနဲ့နီးနီးနေရတော့ မှာဆိုတော့"

"ဘာလဲ' ရှင်က ယောကျ်ားချင်း မနာလိုဖြစ်နေတယ်ပေါ့"

"ဒါပေါ့၊ ခင်ဗျားလေးက ဖွန်တိုး၊ သီတာတို့နဲ့ပလူးနေရင် တော့ ကျွန်တော်က မနာလိုဖြစ်ပါ့မလားဗျ ... ဟင်း"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

အိနှင်းဆီလို မိန်းမလှလေးတစ်ယောက်အဖို့ ချစ်သူတွေ ချူချင်သူတွေက ဝိုင်းဝိုင်းလည်နေ၏။ အနေနီးလို့၊ လမ်းကြုံလို့၊ အရမ်းချစ်စရာကောင်းလို့ စသဖြင့် နည်းမျိုးစုံ ချည်းကပ်သူတွေ များမှများပါပဲ။

အားလုံးထဲတွင် နေနိုင်နှင့်မော်ဖူးမောင်သည် အိနှင်းဆီကို အကူအညီပေးဆုံး ယောကျ်ားနှစ်ယောက်ဖြစ်သည်။ မော်ဖူးမောင်မှာ တွေ့စကတည်းက အရိပ်လိုတကောက်ကောက်လိုက်ပြီး အနားမှာ အတူရှိချိန်များတွင် စိတ်အနှောင့်အယှက်၊ လူအနှောင့်အယှက် လုံးဝ မပေးပါ။

ရုံးမှာဆိုလည်း အစစအဖေးမကူညီသူက မော်ဖူးမောင်အားလပ်ရက်များတွင် အိနှင်းဆီအိမ်မှာ လျှပ်စစ်မီးဖိုပြင်ပေးတာ၊



www.burmeseclassic.com

www.burmeseclassic.com


မီးလုံးကျွမ်း၍ လဲပေးတာ၊ အဝတ်လှန်းစင်ကျိုးတာ၊ ရေတိုင်ကီ ပေါက်တာကအစ ပြင်ပေးသည်။ ကုမ္ပဏီနှင့်ဆိုင်သော လုပ်စရာ ကိစ္စများဆိုလျှင်လည်း မော်ဖူးမောင်ကူညီသည်။

မော်ဖူးမောင်သည် သူငယ်ချင်းဆိုလည်း သူငယ်ချင်း ကောင်းပီသပြီး၊ ရည်းစားဆိုလည်း ရည်းစားကောင်းဖြစ်လိမ့်မည်။

နေနိုင်ကျ ဒီလိုမဟုတ်။ အစ်ကိုကြီးလိုကောင်းသည်။ သူ့ဘဝလမ်းကို ဖြောင့်ဖြောင့်တန်းတန်းလျှောက်နိုင်ရန် ကူညီ သည်။ ဖေးမနားလည်သည်။ ဤမြွေသိက္ခာနှင့်ဆက်ဆံသည်။ ဝိုင်း ဝိုင်းလည်ချည်းကပ်သူတွေကြား နေနိုင် ပါ၊မပါဆိုတာ အိနှင်းဆီ သေချာမပြောတတ်ပါ။ သို့သော် နေနိုင်သည် မိတ်ဆွေဆိုလျှင် မိတ်ဆွေကောင်း၊ အလုပ်ရှင်ဆိုလျှင်လည်း အလုပ်ရှင်ကောင်းဖြစ် ၏။

"ဆရာ၊ ကျွန်မအပေါ် ဒီလောက်မကောင်းပါနဲ့၊ ပွင့်ပွင့် လင်းလင်းပြောရရင် ကျွန်မက ဒီမှာ အခိုက်တန့်ပဲ နားခိုတာပါ"

အိနှင်းဆီက မကွယ်ဝှက်မထိန်ချန် ဖြောင်ပဲဖွင့်ပြောခဲ့ သည်။ နေနိုင်က ခပ်ပြုံးပြုံးနှင့် ...

"ဒါပေါ့၊ လူဆိုတာ တစ်နေရာတည်း ရပ်တန့်နေလို့ ဘယ် ဖြစ်မှာလဲ၊ ဒီထက်တိုးတက်လမ်းကို ရှာရမှာပေါ့၊ ကိုယ်က မင်း အပေါ်ကောင်းတယ်ဆိုတာမျိုးက လူတိုင်းအပေါ်ကောင်းလို့ရတာ မှမဟုတ်တာ၊ တချို့က ဘဝကိုရောက်တဲ့နေရာ ရပ်နေကြတယ်၊ တိုးတက်ကြိုးစားချင်စိတ်မရှိကြဘူး၊ အဲ့သလိုလူမျိုးသွားကောင်း လို့ အပိုပဲပေါ့"

ဒါလည်း ဟုတ်တာပဲ။ ခက်တာက အကြွေးဆွေအားလုံး


www.burmeseclassic.com

www.burmeseclassic.com



ဒွင် ကျေးဇူးကြွေးကဆပ်ရခက်ပါသည်။ ဒါကိုတော့ အိနှင်းဆီ ကြောက်၏။

"ကျေးဇူးတင်ပါတယ် ဆရာ၊ ဆရာ့ကုမ္ပဏီမှာ အလုပ်လုပ်နေသရွေ့တော့ ကျွန်မ အကောင်းဆုံးကြိုးစားအလုပ်လုပ်သွားပါ့မယ်"

"အားနာတာတွေ၊ သူများပြောမှာ စိုးတာတွေ ခေါင်းထဲ ဆိပ်မထည့်နဲ့၊ ကိုယ်လုပ်စရာရှိတာ အကောင်းဆုံးလုပ်သွား အိနှင်းဆီ၊ မင်းနဲ့မော်ဖူးမောင်က လူတော်တွေပါ၊ ကိုယ့်ရဲ့ကုမ္ပဏီကို ရောက်လာတာလည်း အကြောင်းတစ်ခုခုနဲ့အခိုက်အတန့်ရောက်လာကြတယ်ဆိုတာ ကိုယ်သိသားပဲ"

အဲသလိုဆိုတော့လည်း အိနှင်းဆီ မျက်နှာပူသည်။ နေနိုင်မျက်နှာကြည့်ရတာ ပကတိအေးဆေးတည်ငြိမ်လှသည်။ သို့သော် မျက်ဝန်းတစ်စုံကတော့ ထူးခြား၏။

ထိုမျက်ဝန်းများကား ချစ်ရည်ရွှန်း၍ လျှို့ဝှက်သော မျက်ဝန်းများဖြစ်လေသည်။

❀ ❀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"ဘယ်လိုလဲ စာရေးဆရာ"

"ဒီလိုပါပဲ"

"ဩော် ... အဲသလိုပဲလား"

ဟင်း ... စိတ်ညစ်ရတဲ့ကြားထဲ အူကြောင်ကြောင်နှင့် ဘယ်လိုလူမှန်းမသိ။

မော်ဖူးမောင် စိတ်တိုနေသည်။ နေနိုင့်ကားပေါ်တွင် အိနှင်းဆီကို ယှဉ်တွဲတွေ့လိုက်ရ၍ဖြစ်၏။ အလုပ်ကိစ္စနှင့် သွားမှန်းသိသော်လည်း စိတ်ကမခံစားဘဲနေ၍မရ။

"ဘယ်လဲ စာရေးဆရာ"

"ဟိုနားဒီနားပါဗျာ"

"ဘယ် ဟိုနားဒီနားတုန်း"



www.burmeseclassic.com

www.burmeseclassic.com


လာပြန်ပြီတစ်ယောက်။ ဒီနေ့ ဘယ်လိုလူတွေနှင့်လာတွေ့နေမှန်းကိုမသိ။

လင်းလင်းတို့ကို လိုက်ရှာပြီး မကာစ်ရတာကြာပြီဖြစ်သောခွက်ပုန်းကို ကစ်ပစ်လိုက်ဦးမည်။

"ဟော့ကောင် တုတ်ကြီး၊ ငါတို့ ဒီမှာကွ"

ခွက်ပုန်းကစ်ဖို့လိုက်ရှာတာ သူတို့က ခွက်ပုန်းဆိုင်ရောက်နေကြသည်။ အတော်ပဲပေါ့။

"မင်းတို့က လူစုံတက်စုံပါလား၊ ဘာနေ့မို့လဲ"

"ဘာနေ့မှမဟုတ်ဖူး၊ အရသာမေ့သွားမှာစိုးလို့၊ ပြန်နွှေးနေတာ"

"ငါ မင်းတို့ကို လိုက်ရှာနေတာကွ"

"လူတွေက ဒီလိုပဲ၊ အလိုရှိမှ လာတာ"

"အောင်မာ၊ ခွေးသားဖြိုးမောင်၊ နှစ်ပဲခြောက်ပြားရတဲ့အလုပ်လေးလုပ်ပြီး မာန်တက်မနေနဲ့"

"အေးပါ၊ မင်းက အလုပ်ကောင်း၊ နေရာကောင်း၊ ရှခင်းရှကွက်ကောင်းလေးရထားတော့ ပြောအားရှိတာပေါ့ တုတ်ကြီးရာ"

"အပိုတွေပြောမနေနဲ့၊ ဒီဝိုင်း ငါရှင်းရမှာဆိုရင် တစ်ခွက်ငှဲ့စမ်း သားကြီး"

သားကြီးက ခပ်တိုးတိုးဆဲရင်း ငှဲ့ပေးသည်။ လင်းလင်းက

"ဘယ်နေရာကွဲသလဲတော့မသိဘူး၊ မင်း ကွဲလာပြီတုတ်ကြီး"

"အသည်း' အသည်း"

"မင်းကွာ၊ တစ်ယောက်တည်းတောင် ဟိုဘက်နှင်းနည်း


www.burmeseclassic.com

www.burmeseclassic.com



တိုးစမ်းပါဖြစ်နေတာ ဒီအခြေအနေနဲ့ ဒီကိစ္စတွေ မစဉ်းစားဘူးဆို"

"ဒါတော့ လူကနေပေမယ့် နှလုံးသားကမှ မနေတာ"

"အဲဒီတော့လည်း မင်းနဲ့လက်တစ်ကမ်းပဲကွာတာ ပွဲမြန်မြန်သိမ်းပေးလိုက်ပေါ့"

"မင်းနှမ မဟုတ်တော့ အဲသလောက်မလွယ်ဘူး ဖြိုးမောင်ရေ၊ ဟင်း"

"ငါ့နှမဆိုလည်း တုတ်ကြီးနဲ့ မပေးစားဘူး"

အရက်သမားတွေမဟုတ်လည်း အရည်လေးနည်းနည်းဝင်ရင် အားလုံးဟာ ဒီလိုပါပဲ။ စကားတွေများကုန်ကြပြီ။

"မိန်းကလေးတစ်ယောက်ကို စိတ်ဝင်စားမိပြီဆိုရင် ဒီလိုနေလို့မရတော့ဘူးကွ"

"ဘယ်လိုနေရမှာလဲ"

"ကင်းမြီးကောက်ထောင်နေ"

"မဟုတ်ဖူး၊ တုတ်ကြီးဆိုတဲ့နာမည်ကို ပျောက်အောင်အရင်ဖျောက်"

အဟုတ်မှတ်လို့ နားထောင်နေလည်း ဟုတ်တာမဟုတ်။ စိတ်ပျက်စရာပါပဲ။

"မိန်းကလေးတစ်ယောက်ကို စိတ်ဝင်စားပြီဆိုရင် ပထမချစ်ခွင့်ပန်ဖို့ကြိုးစားရမယ်၊ ဒုတိယ တစ်သက်တာလက်တွဲဖို့ ကြိုးစားရမယ်"

လင်းလင်းကမှ ဟုတ်သေး။

"မင်း ခုလိုအခြေအနေနဲ့လက်တွဲခေါ်ဖို့မှ မဖြစ်နိုင်တာ"

"ဘာပဲဖြစ်ဖြစ်ကွာ၊ ငါတော့ သူ့ကို မူပိုင်မြေချင်ပြီ"



www.burmeseclassic.com

www.burmeseclassic.com


"မင်းကွာ"

"ထမင်းငတ်တော့မယ့်ကောင်က သူများသားသမီးကို ကြံစည်နေတယ်"

"ဟိုက ကြံရာဝင် အလုပ်လုပ်နေတဲ့မင်းလိုကောင်ထက် ကုမ္ပဏီပိုင်သူဌေးကိုပဲ စဉ်းစားမှာပေါ့"

"သူက အဲသလို မိန်းကလေးမျိုးတော့ မဟုတ်ဘူး"

"ဘာလဲ? ဒါဆို လက်ဗလာခြေဗလာနဲ့ကောင်ကိုပဲ စဉ်းစားမှာတဲ့လား"

"ကျွတ်"

သူ တော်တော်ဦးနှောက်ခြောက်သွား၏။ ဘာပဲဖြစ်ဖြစ် အိနှင်းဆီကို ဒီအတိုင်းတော့ လွှတ်မထားနိုင်ပါ။ လူဆိုတာ အတိုင်းအတာတစ်ခုပဲ သဘောကောင်းနိုင်မည်။

"တွေ့မယ်"

"ဘာလဲ တုတ်ကြီး"

"ငါ ခဏသွားလိုက်ဦးမယ်"

"ဟော့ကောင်"

"ပိုက်ဆံရှင်းပြီးမှ သွား"

"တုတ်ကြီး"

ဘာကိုမှ ဂရုမစိုက်ဘဲ သူထွက်လာခဲ့သည်။ အိနှင်းဆီ သူ့အိမ်ပြန်ရောက်နေပြီလား သွားကြည့်ပြီး မရောက်သေးတော့ တစ်ပတ်ထပ်ပတ်သည်။ မြေးအဖွားနှစ်ယောက်တည်းနေသော အိမ်တွင် အိနှင်းဆီက အခန်းလေးတစ်ခန်းငှါးနေခြင်းဖြစ်၏။

ဒုတိယတစ်ခေါက် ထပ်ပတ်မှ အိနှင်းဆီပြန်အလာနှင့်

www.burmeseclassic.com

www.burmeseclassic.com


တိုးသည်။

"အိုဗာတိုင်က တော်တန်ရုံပဲကောင်းတယ်နော်"

သူက ခနိုးခနဲ့ ပြောရင်း အိနှင်းဆီကို ခပ်စွေစွေ ကြည့်နေလိုက်သည်။

အိနှင်းဆီက နှာခေါင်းကို လက်နှင့်ပိတ်ရင်း ...

"ဟယ် ... အနံ့တွေ တထောင်းထောင်းနဲ့ ဘယ်လိုဖြစ်လာတာလဲ"

"ဒီမှာ အိ"

"ဘာလဲ"

"အိ တိုက်နဲ့ကားနဲ့နေချင်ရင် ကျွန်တော် ထားပေးမယ်"

"အောင်မာ"

"ဒီက ငမွဲဆိုပြီး အဖက်မလုပ်တာလား"

"ဟဲ့ ... ဟိုမှာ အလုပ်ကိစ္စနဲ့သွားတာဟဲ့၊ အပိုတွေ လျှောက်လုပ်မနေနဲ့ဖူးမောင်"

"ဘာပဲဖြစ်ဖြစ် အိကို ဟိုလူနဲ့တွဲသွားတာတွေ့တိုင်း ဒီကောင်ရင်နာတယ်"

"သေလိုက်"

"ငုံထားမတတ်ချစ်လွန်းလို့ ဘာမှမပြောတာ"

"ရှင်ပြန်တော့ ... အဲဒီပုံစံမျိုးနဲ့ ကျွန်မဆီ ဘယ်တော့မှ မလာနဲ့"

"မလာဘဲ မနေနိုင်တော့ လာရတာပေါ့၊ ကျွန်တော်ဆိုတဲ့ ကောင်က ခင်ဗျားလေးကို သေမလောက်ချစ်နေရတာကိုး"

"အရက်သမားစကားတွေ ကျွန်မ နားမထောင်ချင်ဘူး"


www.burmeseclassic.com

www.burmeseclassic.com


"ဒီမှာ မရွှေချော၊ ကျွန်တော်က စီးပွားရေးမလုပ်ချင်လို့ပါဗျ၊ လုပ်ချင်စိတ်ရှိရင် ကျွန်တော်လည်း ကုမ္ပဏီထောင်မယ်ဆို ထောင်နိုင်ပါတယ်နော်၊ ဟင်း ဟင်း"

"ရှင့်ဖာသာ ထောင်ချင်ရာသာထောင်၊ ကျွန်မသွားပြီ ... ဟွန်း"


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

"ကဲ ... အိမ်ထောင်ပြုဖို့ လိုနေတဲ့အချစ်ဆိုတာလည်း တွေ့ပြီ၊ ဘာကို အချိန်ဆွဲနေတာလဲ နေနိုင်"

"အချိန်ဆွဲတာမဟုတ်ဖူး မောင်သီရ၊ ကြည့်ကောင်းလွန်းလို့ လွှတ်ထားတာ"

"ဒါနဲ့ သူများနောက်ပါသွားဦးမယ်"

"မပါပါဘူး၊ သူ့လိုမိန်းကလေးမျိုးက အလွယ်တကူ မပါပါဘူး၊ ဧကာတင် ရွေးဦးမှာပါ"

"ဒါနဲ့ မင်းကောင်မလေးက တော်တော်ထက်မြက်မယ့်ပုံပဲ"

"ဟုတ်တယ်၊ ယောက်ျားတစ်ယောက် ချမ်းသာတာကို မှီခိုဖို့ကြည့်ရွေးမယ့်သူမျိုး မဟုတ်ဖူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ ရှည်ရှည်ဝေးဝေးတွေ လျှောက်လုပ်မနေနဲ့ နေနိုင်၊ မင်း အသက်ငယ်တော့တာမဟုတ်ဖူး၊ မြန်မြန်ပွဲသိမ်းလိုက်တော့"

"ဟုတ်တယ် နေနိုင်၊ ငါတို့ မင်းအတွက် စိတ်မအေးဘူး"

"အိမ်က ခုထိ ဆောက်သေးဘူးလား"

"ပြီးမှ သူ့စိတ်ကြိုက်မေးပြီး ဆောက်မယ်"

"အလို့"

"အပိုင်ပဲလား"

"သေချာတယ်ပေါ့"

စိတ်ကူးဆိုတာ လူတိုင်းမှာရှိကြတာပဲ။ ဘာမှ အကျယ်တဝင့်ရှင်းပြမနေချင်တော့ပါ။ သူ ကောင်မလေးကို ဖွင့်ပြောဖို့ အချိန် သိပ်မလိုတော့ပေ။ ဇာတ်လမ်းလေးက လှလှပပနှင့် အတော် စိတ်ဝင်စားစရာကောင်းဦးမည်။

"ဒါပေမယ့် ..."

နေနိုင်က တစ်စုံတစ်ရာကို တွေးဆနေသည်။ သူ့ တ်ထဲ စိုးထင့်နေတာရှိ၏။ မောင်သီက ...

"ဘာကျန်သေးလဲ"

"ပြိုင်ဖက်ရှိနေတယ်"

"ဟာ' ဒါ ဆန်းသလား၊ မိန်းမလှလေးတစ်ယောက်မှာ ပြိုင်ဖက်တစ်ယောက်မကက အများကြီးရှိနိုင်တာပဲ"

"အခုပြိုင်ဖက်က စိုးရိမ်ရတယ်ကွ၊ အင်အား (၇-၀) အဆင့်နီးပါး ပြင်းအားရှိတယ်၊ အဲဒါ စိတ်ပူစရာပဲ"

"ဒါဆို ပိုပြီး အချိန်မဆွဲသင့်တော့ဘူး"

"ဟုတ်သားပဲ နေနိုင်၊ အမြန်ပွဲသိမ်းလိုက်တော့"



www.burmeseclassic.com

www.burmeseclassic.com


"အိမ်ထောင်ပြုဖို့ အစစအခြေအနေပေးနေပြီ"

"အင်းပါ၊ ငါက ထက်မြက်တဲ့ချစ်သူလေးကို အားကုန်လွှတ်ပြေးခိုင်းထားတာ ... မောပမ်းရပ်နားသွားမှ အသာအယာကောက်ယူဖေးမလိုက်ဖို့"

"အရှုံး"

"အပေါ"

"မင်းအသက်အရွယ်ကြီးနဲ့ စိတ်ကူးယဉ်မနေနဲ့"

"အေးလေ၊ ခုတော့ သူ့ကို အမြန်ဆုံးပိုင်ဆိုင်ချင်ပြီ"

"ရှုံးပါ့ကွာ"


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

ဒီနေ့တစ်မနက်လုံး ကုမ္ပဏီတွင် ကျွတ်စီကျွတ်စီဖြစ်နေ
သ။ အကြောင်းကား သူဌေးနေနိုင်ရဲ့အတွင်းရေးမှူးမလေးအိနှင်း
ဒီ ယခုထိ ကုမ္ပဏီကို ရောက်မလာသေးခြင်းပင်။

"ဟော့ ... ကိုတုတ်ကြီး၊ ကိုတုတ်ကြီး"

ရုံးထဲ ပျာယာပျာယာနှင့်ဝင်လာသော မော်ဖူးမောင်ကို
နေ့တိုးက ခပ်အုပ်အုပ်ခေါ်သည်။

"ဘယ်တွေသွားနေတာလဲ' ရှင့်ကို သူဌေးဦးနေနိုင် ခုန
ပဲ ရှာနေတယ်"

"အောင်မာ၊ ကျွန်တော်ကလည်း သူ့ကို ရှာနေတာပဲ၊ ဒီမှာ
ယ်ပို့ရမယ့်အလုပ်တွေသွားလုပ်နေတာ မန်နေဂျာသိတယ်"

"ဦးစော မရှိဘူးလေ၊ ဒီမနက် ရုံးကို ခဏပဲဝင်ပြီး အပြင်



www.burmeseclassic.com

www.burmeseclassic.com


ပြန်ထွက်သွားတယ်"

"အိကာ နင့်ကို မနေ့ညနေ ရုံးဆင်းတော့ ဘာမှ မှာမသွ
ဘူးလား ဇွန်တိုး"

"ဟင့်အင်း"

"ကျွန်တော် သူ့အိမ်ရောက်ခဲ့တယ်၊ မနက်အစောကြီ
သေးအိမ်ကို ဖုန်းဆက်လို့ ဖုန်းပြောပြန်လာပြီး ထွက်သွားတာ
အဲဒါကြောင့် သူ့ဌေးကို ကျွန်တော် လိုက်ရှာနေတာ"

"ဟင်' ဘာဆိုင်လဲ၊ ဖောင်းဖောင်းကိုမရှာဘဲ ဘယ့်နှယ်

"ဒါတွေ ခင်ဗျားတို့မသိပါဘူးဗျာ"

အဲဒီအချိန်မှာပဲ တယ်လီဖုန်းမြည်လာ၍ **Receptio**
က သင်းယုလှိုင် ကောက်ကိုင်တာတွေ့ရ၏။

"ဟယ် ... အိနှင်းဆီ၊ ယူက ဘယ်ရောက်နေတာလဲ"

အိနှင်းဆီဆို၍ အားလုံးခေါင်းထောင်သွားကြသည်။ ဖေ
ဖူးမောင်က သင်းယုလှိုင်နား လျှောက်သွား၏။

"သူ့ဌေးကို ဖုန်းအရင်ဆက်သင့်တယ် အိနှင်းဆီ၊ ဒီမှာ
ကိုတုတ်ကြီးနဲ့ပြောလိုက်"

"ဟယ်လို"

"အိ ... ဘယ်မှာလဲ"

"..................."

"အဲဒီ ဘာသွားလုပ်တာလဲ"

"..................."

"နောက်မှပြောတာနောက်ထား၊ ဖုန်းဆက်ပြီးမှ သွားသ
တယ်၊ ဒီမှာ ဘယ်လောက်စိတ်ပူရသလဲ"



www.burmeseclassic.com

www.burmeseclassic.com



အိနှင်းဆီက အရေးတကြီးကတိုက်ကရိုက်ထွက်သွားရပြီး လမ်းခရီးတွင် ဖုန်းဆက်ဖို့အခြေအနေမပေး၍ ယခုမှဆက်ရတာ ဖြစ်ကြောင်းပြောသည်။

ထိုအချိန်တွင် နေနိုင်ရောက်လာပြီး မော်ဖူးမောင်လက်ထဲက ဖုန်းခွက်ကိုဆွဲယူသွား၏။ နေနိုင့်မျက်နှာတွင် သာမန်ဝန်ထမ်းတစ်ယောက်အပေါ် စိတ်ပူတာထက်ပိုနေသလိုပင်။

"ဘယ်အချိန်လောက် ပြန်ရောက်မလဲ အိနှင်းဆီ"

"..................."

"ဟုတ်ပြီလေ၊ ဘယ်အချိန်ပြန်ရောက်ရောက် ကုမ္ပဏီကို ဝင်ခဲ့၊ ကိုယ်မပြန်သေးဘူး၊ ပြောစရာရှိလို့ စောင့်နေမယ်"

နေနိုင့်ပုံစံက အိမ်ပြန်မရောက်သေးတဲ့ဇနီးကို မှာနေတဲ့ အတိုင်း ခပ်တည်တည်ပါပဲ။ အားလုံးက နေနိုင့်ကို ငေးမောကြည့် နေကြသည်။ သူ့စတိုင်က ကြည့်ကောင်းတာကိုး။

မော်ဖူးမောင်ကတော့ နေနိုင့်ကို စိတ်ထဲက ကြိတ်မေတ္တာ ပို့နေမိသည်။

"ဘာလဲဟ ဒီအဘိုးကြီး၊ တရားရိပ်သာသွားတာမဟုတ် ဘဲနဲ့ ... ဟင်း"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

"အဖြစ်က အဲဒါပါပဲ ဆရာ၊ စီးပွားရေးကို မလုပ်တတ်လို့တော့ မဟုတ်ဖူး၊ ဒါပေမယ့် ... စလုပ်လုပ်ချင်းမှာပဲ ကံမကောင်းအကြောင်းမလှစွာ ဆွမ်းခံရင်းငှက်သင့်ခဲ့ရတာ"

အိနှင်းဆီက ပြောလက်စစကားကို ခဏရပ်ထားသည်။ သူ အဓိကပြောချင်တာက ကုမ္ပဏီကနေ အကြောင်းမကြား ဘာမကြား တစ်နေ့တာပျောက်သွားခြင်းကိစ္စရှင်းပြချင်တာဖြစ်သည်။ သို့သော် လိုရင်းရောက်ဖို့ စကားပျိုးရင်း ဇာတ်ရည်လည်အောင် ပြောရသေး၏။

"မိဘပိုင်အိမ်ကို ကျွန်မလက်ထက်ရောက်မှ ဆုံးရှုံးသွားတာ တစ်နေ့မှ စိတ်မကောင်းဘူး၊ ကျွန်မ စိတ်ကူးယဉ်ထားတာက အိမ်ရောင်းရငွေနဲ့တိုးပွားအောင်လုပ်ပြီး အဲဒီအိမ်ကို နှစ်ဆပေး



www.burmeseclassic.com

www.burmeseclassic.com


ဖြန့်ဝယ်ရပြန့်ဝယ်ရ ဝယ်ဖို့စိတ်ကူးပြီးသားလေ"

"မင်းက ထင်တာထက် ပိုသတ္တိရှိသားပဲ၊ ဒါပေမယ့် ခုထိ မင်းပြောသမျှအကြောင်းအရာတွေထဲမှာ ကုမ္ပဏီက တစ်နေ့လုံး ပျောက်သွားတာနဲ့ ဘာမှမဆိုင်သေးဘူး"

"အခု အဲဒါပြောဖို့ပဲ ကျန်တော့တာ ဆရာရဲ့၊ အဖြစ်က ဒီလို အဲဒီနေ့က မနက်စောစော ဘေးအိမ်ကို ဖုန်းလာလို့သွားကိုင်တော့ မျှော်လင့်မထားတဲ့သတင်းတစ်ခုကိုကြားရတယ်"

"အင်း ... ပြောပါဦး"

သူတို့နှစ်ယောက်ကိုကြည့်ရတာ တစ်ယောက်က ပုံပြင်ပြောပြီး၊ တစ်ယောက်က ပုံပြင်နားထောင်သူနှင့်တူနေ၏။

"အဲဒီသတင်းက ခွက်ခွက်လန်အောင်ရှုံးလို့ ဘာမှမလုပ်တော့ဘဲ ဒီအတိုင်းပစ်ထားတဲ့ကုန်တွေက ဈေးတွေအဆမတန်ထိုးတက်သွားတဲ့သတင်းပါပဲဆရာ"

"ဩော်"

"ဟင်း ဟင်း၊ ဆွမ်းခံရင်းငှက်သင့်ရတဲ့ဘဝကနေ စိုင်းကော်လို့ချုပေါ်ပြန်ရောက်ခဲ့ရတာပါပဲ၊ အဲဒီသတင်းကြားပြီးပြီးချင်း ချက်ချင်းထလိုက်သွားတာ၊ ဖုန်းဆက်ဖို့လည်း သတိမရဘူး၊ ကုန်ဝယ်သူတွေနဲ့တွေ့ပြီး အားလုံးအေးဆေးသွားတော့မှ ဖုန်းဆက်နိုင်တာ တောင်းပန်ပါတယ် ဆရာ"

"ရပါတယ်ကွာ၊ ဒါက အရေးမကြီးပါဘူး၊ ကိုယ်က စိတ်ပူလို့ပြောတာ၊ ခုလိုဆိုတော့လည်း ဝမ်းသာစရာပဲပေါ့"

"ကျေးဇူးတင်ပါတယ် ဆရာ၊ ကျွန်မတော့ ဒီရက်ပိုင်း နည်းနည်းအလုပ်ရှုပ်ဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့"

"ကုန်ဖိုးငွေတွေ ချေပြီးရင် အိမ်ပြန်ဝယ်ရမယ်လေ၊ ဝယ်သွားတဲ့လူကို အရင်ဆုံးလိုက်ရှာရမှာပေါ့"

နှစ်ဦးသား တဒင်္ဂတိတ်ဆိတ်သွားသည်။ နေနိုင့်အတွက်ကတော့ ဒီအချိန်၊ ဒီအခြေအနေဟာ အခွင့်ကောင်းအခါကောင်းပါပဲ။

သူ ဖွင့်ပြောဖို့ အချိန်တန်လေပြီ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

မိုးရာသီကား ကုန်ဆုံးလေပြီ။ ကောင်းကင်တစ်ခွင်တစ်ပြင်တွင် တိမ်မျှင်တိမ်စမရှိ ရှင်းလင်းကြည်လင်နေ၏။ အိမ်တစ်အိမ်၏ ဧည့်ခန်းထဲတွင် မိသားတစ်စု ဝိုင်းဖွဲ့စကားပြောနေကြသည်။

ထိုအချိန်တွင် ဧည့်ခန်းထဲသို့ လူငယ်လေးတစ်ယောက် ဝင်လာ၏။ ထိုသူကိုမြင်တော့ အားလုံးက တအံ့တသြငေးမော ကြည့်ကြလေသည်။

ပထမဆုံး သတိဝင်လာပြီး ဝမ်းသာအားရဆီးကြိုစကား ပြောလာသူက အမျိုးသမီးကြီး။

"ဟယ် ... မေမေ့သားလေးပြန်လာတယ်၊ မေမေတို့ကို သတိရလို့ထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကိုကို့ပုံစံကလည်း အောက်လိုက်တာ၊ အဝတ်အစား
ကလည်း အပေါစားတွေ၊ ဖိနပ်က ဟောင်းနေပြီ"

ထိုစကားကို ဆယ်ကျော်သက်အရွယ်ကောင်မလေး
ဝင်ပြောခြင်းဖြစ်သည်။ အမျိုးသားကြီးက ဖတ်လက်စဂျာနယ်
ဘေးခုံပေါ် အသာချထားလိုက်ပြီး ...

"ဘာလဲ ဟော့ကောင်၊ အခြေအနေမကောင်းလို့ ပြန်
တာလား၊ ဒါမှမဟုတ် ငတ်ပြီလား၊ ပြတ်ပြီလား"

"ရှင်ကလည်း ကလေးကို မဦးမချွတ်၊ ကိုယ်မွေးထား
သားသမီး၊ အဲသလို ပက်ပက်စက်စက်မပြောပါနဲ့"

"ဟာ' မင့်သားကျ ပက်ပက်စက်စက်လုပ်သွားတာ
အဲဒါကျရော"

"ဒါတော့ရှင် လူငယ်ပဲ၊ သူတို့စိတ်ကူးနဲ့သူတို့ရှိတာ

"ဟွင်း"

အမျိုးသားကြီးက နှာခေါင်းက လေတွေကို မှုတ်ထုတ်
လိုက်သည်။ စောစောက ဝင်လာသောလူငယ် ...

"ဖေဖေနဲ့မေမေ၊ ကျွန်တော့်ကို အမွေပေးပါ"

"ဘာ"

"ဟဲ့ ... သား"

"အများကြီးမဟုတ်ပါဘူးဗျာ၊ ပုံနှိပ်စက်တစ်ခုထောင်
လောက်ပါ"

"ဟော့ကောင်၊ ငါ မသေသေးဘူးကွ၊ ဘာလို့ အမွေပေး
မှာလဲ"

"အာ ... ဖေဖေကလဲ၊ ဒါကြောင့် နည်းနည်းပဲတောင်



www.burmeseclassic.com

www.burmeseclassic.com



တာပေါ့၊ အကုန်တောင်းတာမှမဟုတ်တာ"

"ဒါများ သားရယ်၊ စောစောကပြောရောပေါ့"

"ကျွန်တော်က စီးပွားရေးကို မလုပ်ချင်သေးလို့ပါ မေမေ ရာ၊ ခုတော့ ..."

"ခုတော့ ... ဘာဖြစ်လဲ၊ လောကကြီးက မင်းထင်သလို မလွယ်ဘူးမဟုတ်လား ခွေးကောင်"

"ဒါတော့ ဖေဖေရာ၊ တစ်ကမ္ဘာလုံး စီးပွားရေးပျက်ကပ် ဆိုက်နေတဲ့ကိစ္စ၊ ကျွန်တော်က အဖြစ်မရှိ အသုံးမကျတာမဟုတ် ပါဘူး"

"နေဦး၊ မင်းလို တစ်ပြားမှမရှာနိုင်ဘဲ ကြီးကျယ်တဲ့ ကောင်က ပိုက်ဆံလာတောင်းတာ သွေးရိုးသားရိုးတော့မဟုတ်နိုင် ဘူး၊ အကြောင်းတစ်ခုခုရှိလိမ့်မယ်၊ မဟုတ်မှလွဲရော ကောင်မလေး တွေ့ထားပြီနေမှာ ... ဟုတ်တယ်မဟုတ်လား တုတ်ကြီး"

သူက စပ်ဖြဲဖြဲလုပ်နေလိုက်သည်။ သူ့ညီမဖြစ်သူက ...

"ကိုကို့ရည်းစားက တောင်းခိုင်းတာလား"

"တောက်တီးတောက်တဲ့၊ ငါ့ကောင်မလေးက ငါ့ထက် တောင် ပိုက်ဆံရှာနိုင်သေးတယ်"

"ကြီးကြီးကျယ်ကျယ်နဲ့အိမ်ပေါ်က ဆင်းသွားပြီး မိန်းမ လိုချင်မှ အိမ်ပြန်လာဖော်ရတယ်"

"ကဲပါ၊ သားလည်း ဒီလောက်ဆို ဘဝအကြောင်း နား လည်ရောပေါ့၊ လုပ်ချင်တာထက်လုပ်သင့်တာလုပ်တာပဲ ကောင်း တယ်နော် သား"

ထိုနေ့က မိသားစု စုံစုံလင်လင်မစားရတာကြာပြီဖြစ်



www.burmeseclassic.com

www.burmeseclassic.com


သော ထမင်းဝိုင်းမှာ စကားသံတွေ ဝေစည်နေသည်။ မည်သို့သော မိဘက သားသမီးကို မကြိုဆိုဘဲရှိမည်နည်း။

သူ့ကို အလွန်ချစ်သော ဖေဖေသည် ဆေးဖြစ်ဝါးဖြစ်ဟု ဆိုကာ အကြောင်းပြမှီဝဲသောယမကာ တစ်ခွက်တစ်ဖလားဝင်သွားရုံဖြင့် "ငါ့သားရ၊ တုတ်ကြီးရ"နှင့် ရွှန်းရွှန်းဝေနေတော့၏။

မိဘဆိုတာ အောက်ကျို့စရာမလိုပါ။ သားသမီးအလိုဆန္ဒကို လိုက်လျောပြီးသားပင်။

"ကောင်မလေးနဲ့ပတ်သက်ပြီး ကျွန်တော်နဲ့ပြိုင်ဖက်က အကောင်ကြီးတယ် ဖေဖေရ၊ အဲဒါကြောင့် ချစ်သူအတွက် ခပ်နုပ်နုပ်ကောင် မဖြစ်အောင် စီးပွားကိုကြိုးစားရှာကြည့်မလို့"


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

"မင်းအိမ်ကိုဝယ်သွားတဲ့သူကို အပင်ပမ်းခံ စုံစမ်းရှာဖွေနေစရာမလိုတော့ပါဘူး အိနှင်းဆီ"

"ဟင်!"

နေနိုင့်စကားကို ရုတ်တရက် အိနှင်းဆီက နားမလည်ဘဲ ကြောင်အမ်းအမ်းဖြစ်သွားသည်။ ထို့ကြောင့် နေနိုင်က ဆက်ပြီး ပြောသည်။

"အဲဒီအိမ်ကို ဝယ်လိုက်သူက ကိုယ်ပဲ"

"ဟယ်"

အိနှင်းဆီခမျာ ဝမ်းသာအားရဖြစ်သွားပြီး မျက်လုံးလေးတွေ အရောင်တလက်လက်တောက်ပနေ၏။

"အံ့ဩစရာတိုက်ဆိုင်မှုပဲနော်၊ အဆင်ပြေလို့ပေါ့တော



www.burmeseclassic.com

www.burmeseclassic.com



ဆရာရယ်၊ အဲဒီအိမ် ကျွန်မကို ပြန်ရောင်းပါနော်၊ အခု ပေါက်ဈေးအတိုင်းပေးမှာပါ"

နေနိုင်က အိနှင်းဆီကို စွမ်းအားပါသော မျက်လုံးများနှင့် စူးစိုက်ကြည့်သည်။ ထိုအကြည့်မျိုးကို ကုမ္ပဏီကိုရောက်စ နေနိုင့်ကို စတွေ့ကတည်းက ရင်ဆိုင်ခဲ့ဖူးသည်။

"ဝမ်းနည်းပါတယ် အိနှင်းဆီ၊ ကိုယ် အဲဒီအိမ်ကို လုံးဝ ပြန်မရောင်းနိုင်ပါဘူး"

"ရှင်"

"ဟုတ်တယ်၊ ကိုယ်က ကိုယ့်ချစ်သူနဲ့လက်ထပ်ပြီးရင် အဲဒီအိမ်ကို ပြင်ဆောက်ပြီးနေမလို့"

"ဩော်"

အိနှင်းဆီအသံက တိုးတိမ်သွားပြီး မျက်နှာက ပျက်ယွင်းသွား၏။ စိတ်ထဲကတော့ သိပ်ဘဝင်မကျပေ။ သူတို့လို သူဌေးတွေအတွက် နေစရာရှားလား။ ပြီးတော့ နေနိုင့်မှာ ချစ်သူရည်းစား ရှိတယ်လည်း မကြားပါ။

အင်းလေ ... ဒါကတော့ သူ့ကိုယ်ရေးကိုယ်တာကိစ္စ။ အိနှင်းဆီမသိတာလည်း ဖြစ်ချင်ဖြစ်မည်။

"ကျွန်မက မိဘအမွေလေးမို့ပါ"

"ကိုယ်ကလည်း အဲဒီမိန်းကလေးကို လွန်ခဲ့တဲ့ နှစ်နှစ်ကျော်သုံးနှစ်လောက်ကတည်းက တွေ့ပြီး ရူးရူးမူးမူး၊ စွဲစွဲလမ်းလမ်းချစ်ခဲ့တာ ပြီးတော့ သူ့ကို အကြာကြီးရှာခဲ့ရတယ်၊ ခု တွေ့ပြန်တော့ ချစ်လွန်းလို့ အရိပ်တကြည့်ကြည့်နေခဲ့တာ"

နေနိုင် ဘာတွေလာပြောနေပါလိမ့်။ အိနှင်းဆီနှင့်ဘာ



www.burmeseclassic.com

www.burmeseclassic.com


ဆိုင်သနည်း။

နည်းနည်းစိတ်ရှုပ်သွား၏။

"သူ ဘယ်သွားတယ်၊ ဘာလုပ်တယ်ကအစ ထမင်းမစား သေးတာ၊ အဆာပြေမစားရသေးတာကအဆုံး သိအောင်လုပ်ပြီး တိတ်တိုတ်လေးဖြည့်ဆည်းပေးနေခဲ့တာ"

"ရှင်"

"အဲဒါ ဘယ်သူဆိုတာ မင်းမသိချင်ဘူးလား အိနှင်းဆီ"

"ရှင် ... ဟို ကျွန်မနဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့၊ အဲဒါ မင်းပဲဟာ၊ ကိုယ်က မင်းရဲ့တစ် ဆက်မအရွယ်လိုင်စင်ခတ်ပုံလေးကောက်ရမြင်တွေ့ဖူးပြီးကတည်း က ရင်ခုန်လှုပ်ရှားချစ်စိတ်တွေ မွေးဖွားခဲ့တာ"

"ဟင်' ဘယ်လို"

"ကိုယ် အဲဒီအိမ်ကို ပြင်ဆောက်မယ်ဆိုပြီး သွားကြည့်ရင်း အခန်းတစ်ခန်းမှာ ကျန်နေရစ်တဲ့ခတ်ပုံကို ကောက်ရခဲ့တာ၊ အဲဒီ ကတည်းက စုံစမ်းလိုက်ရှာခဲ့တယ်၊ ဒါပေမယ့် မင်းက ငွေထုတ် ပြီး နယ်တွေဆင်းနေလို့မတွေ့ခဲ့ဘူး၊ တိုက်တိုက်ဆိုင်ဆိုင် ကုမ္ပဏီကို မင်းရောက်လာတယ်၊ မင်းအရည်အချင်းက ဦးစော အကြိုက်မဖြစ်ဖူး၊ ကုမ္ပဏီက ပြန်ထွက်မှ ကိုယ် မင်းကိုမြင်တာ၊ ဒါနဲ့ ဦးစောကိုခေါ်မေးမြန်းပြောဆိုပြီး ပြန်ခေါ်တာ"

ဩော် ... ဒါကြောင့် အငြင်းခံရပြီးမှ ပြန်ခေါ်ခံရတာကိုး။ အနီးကပ်စောင့်ကြည့်ပြီး ပန်းစည်းတွေ၊ လက်ဖက်ရည်၊ မုန့်၊ ထမင်းစသဖြင့် အချိန်မှန်ပို့ခိုင်းတာတွေ နေနိုင်ပဲပေါ့။

"ဒီတော့ ... ကိုယ်က မင်းကို ချစ်ခွင့်တောင်းလိုက်ပြီ၊


www.burmeseclassic.com

www.burmeseclassic.com



မင်းဆီက ချစ်အဖြေရအောင် ကြိုးစားဖို့ပဲ ကျန်တော့တယ်၊ ကိုယ့်ကို လေ့လာပါ၊ စောင့်ကြည့်ပါ၊ ပြီးတော့ စဉ်းစားပြီး အကောင်းဆုံးအဖြေ ပြန်ပေးပါ ဟုတ်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"ဒါဆို ... ပွဲသိမ်းဖို့ပဲ ကျန်တော့တာပေါ့၊ ဟုတ်လား ဖောင်းဖောင်း"

ဖွန်တိုး ဘာကိုဆိုလိုမှန်း အိနှင်းဆီသိသည်။ သို့သော် မသိချင်ယောင်ဆောင်ကာ ...

"ဘာကိုလဲ ဖွန်တိုး"

"နှင်ကလည်း ဝေးနေပြန်ပြီ၊ ဦးနေရဲ့အချစ်ကို လက်ခံပြီး လက်ထပ်လိုက်တာနဲ့ သူဌေးလူချောလေးလည်းရ၊ နှင့်အိမ်လည်း ပြန်ရ၊ ဟီ ဟီ"

"ဟုတ်တယ်နော်၊ အားလုံးအဆင်ကိုပြေနေဘာပဲ၊ တို့နေ က ရုပ်ချောသဘောကောင်းတဲ့ ကုမ္ပဏီပိုင်ရှင်သူဌေး၊ ဘာချွင်း စရာမရှိဘူး"

www.burmeseclassic.com

www.burmeseclassic.com



"နင် ခေါင်းညိတ်လိုက်တော့မယ်ပေါ့"

"လောကကြီးမှာ အဲသလောက်အားလုံးအဆင်ပြေပြည့်စုံချောမွေ့တဲ့ကိစ္စရှိနိုင်ပါ့မလား ဇွန်တိုး"

"ဟင်' အခုတွေ့နေတာပဲလေ၊ အင်း ... ဒါပေမယ့် ဦးနေကို လက်ခံလိုက်ရင် ဖူးမောင်က ဘယ်လိုဖြစ်သွားမလဲ"

"ဖူးမောင်ကိုရွေးလိုက်ရင်ရော ဇွန်တိုး"

"အဲဒါဆို ဦးနေသနားပါတယ်၊ ပြီးတော့ နင့်အိမ်ကို ဦးနေက ရောင်းမှာမဟုတ်ဖူး၊ ဒါ့ထက် ... တုတ်ကြီးက လက်ဗလာ၊ ခြေဗလာ"

"လူတစ်ယောက်ကို အဲသလို အထင်သေးလို့မရဘူး"

"ဒါဆို တုတ်ကြီးကိုပဲရွေးဖြာပေါ့၊ အင်း သူလည်း ကောင်းရှာပါတယ်လေ"

"ဟင်း ဟင်း ဟင်း ဟင်း"

ဇွန်တိုးဦးနှောက်ခြောက်နေတာကြည့်ပြီး အိနှင်းဆီက ရယ်သည်။ ရယ်ရင်းမှ ...

"ဖူးမောင်က နင်တို့ထင်သလို လက်ဗလာခြေဗလာ မဟုတ်ပါဘူး"

"ဟင်' ဘယ်လို"

"မိဘတွေက ချမ်းသာတော့ ကြည့်ရှုထောက်ပံ့စရာမလိုဘူး၊ သားကျွေးမှု၊ မယားကျွေးမှုလည်းမရှိဆိုတော့ သူ့ဝါသနာနောက်လိုက်ပြီး ခပ်အေးအေးလုပ်နေတာ"

"အယ် ... ဟုတ်လား၊ ဒါဆို ဦးနေနဲ့တုတ်ကြီးက ညီသွားပြီပေါ့၊ တစ်ခုပဲရှိတယ်၊ ဦးနေက စမတ်ကျပြီး ပိုချောတယ်"



www.burmeseclassic.com

www.burmeseclassic.com


"ချောတာက လုပ်ယူလို့ရပါတယ်"

"ဟုတ်ပြီ၊ နှစ်ယောက်စလုံး လက်ရည်တူသွားပြီ၊ ဘယ်သူ့ရွေးရွေးနှင့်အတွက် အိမ်ထောင်ဖက်ကောင်းပဲ၊ ဘယ်သူ့ရွေးမှာလဲ၊ နှင့်ကို ပိုချစ်တဲ့သူကိုရွေးမှာလား၊ နှင်က ပိုချစ်တဲ့သူကိုရွေးမှာလား"

"အင်း ... သူတို့နှစ်ယောက်နဲ့ပတ်သက်ပြီး အချစ်ကိုဦးစားပေးမရွေးဘူး"

"ဟင်' ဒါဆို ဘာနဲ့ရွေးမှာလဲ' ဘယ်သူ ပိုချမ်းသာသလဲ စစ်တမ်းကောက်ပြီး ပိုချမ်းသာတဲ့သူကို ရွေးမှာလား"

"ဟယ်' ပေါက်တီးပေါက်ရှာ အသာနေစမ်းပါ၊ ငါ့မှာ နည်းလမ်းရှိပါတယ်၊ နည်းနည်းပါးပါးလေ့လာတီးခေါက်စမ်းသပ်ကြည့်လိုက်တာနဲ့ ငါမကြိုက်တဲ့အချက်၊ ကြိုက်တဲ့အချက်တွေ နှစ်ယောက်စလုံးမှာ ပေါ်လာမှာပါ၊ အဲဒါကို စမ်းသပ်ပြီးရွေးမှာ ဖြည်းဖြည်းပေါ့၊ ချစ်ဖို့အချိန်တွေ အများကြီးရှိပါတယ်သေးတယ်"

"အယ်"


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

မော်ဖူးမောင်စကားဆုံးတော့ အိန္ဒြင်းဆီက ရယ်သည်

ရယ်ရင်းမှ ...

"ဖူးမောင်ရယ်၊ ရှင်ကလည်းလေ ဘယ့်နှယ်မိဘဆီ အရ

သွားတောင်းရတယ်လို့ ... စကားကိုကြည့်ကောင်းအောင်လုပ်

တစ်ခုလုပ်မယ်ပြောတာ မဟုတ်ဖူး"

"ဟဲ ဟဲ၊ ကျွန်တော်က အပြောကြီး မာနကြီးထားတော

ပိုက်ဆံတောင်းရမှာရှက်နေတာ၊ အဲဒါ ရှက်ရှက်နဲ့ခပ်တည်တည်

အပေါ်စီးကနေ ပြောလိုက်မိတယ်လေ"

"ရှင်က ဒီလိုပဲနေလာပြီး အခုမှ ဘာတွေအရေးကြီး

အဲသလိုလုပ်ရတာလဲ"

"ဩော် ... အိရယ်၊ မသိချင်ယောင်ဆောင်ပြီး မေးမနေ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ဗျာ၊ ကျွန်တော့်ချစ်သူကို တင့်တောင်းတင့်တယ်လေး ချစ်ခွင့်တောင်းချင်လို့ပေါ့"

"အမလေး ဖူးမောင်ရယ်၊ ငွေရှိတဲ့ယောကျ်ားတိုင်းသာ ပြန်ကြိုက်ရရင် ကျွန်မမှာ ရည်းစားဆယ်ယောက်မကရှိနေပြီ".

"ဒါတော့ အိရဲ့စိတ်ကို သိပါတယ်၊ ဒါပေမယ့် ကျွန်တော်နဲ့ကိုနေက အိရဲ့ဇကာတင်ထိပ်ဆုံး စဉ်းစားထားတဲ့လူနှစ်ယောက်မဟုတ်လား"

"ဟင်း ဟင်း ဟင်း ဟင်း"

အိနှင်းဆီက အားနာပါးနာလိုလို၊ ရှက်ရွံ့အနေခက်တာလိုလိုနှင့်တိုးတိုးလေးရယ်သည်။ မော်ဖူးမောင်က ...

"ကျွန်တော်က အိကို မြင်မြင်ချင်းပဲ ချစ်ခဲ့မိတာပါ၊ ကန်တော်ကြီးရေပြင်ဘေးက ကျောက်တုံးလေးပေါ်မှာ ငိုကြွေးနေတဲ့အိမ်ကို စတွေ့တွေ့ချင်းမှာ အရမ်းကို ချစ်သွားခဲ့တာ၊ ဖြစ်နိုင်ရင်ဟို ကိုနေဆိုတဲ့ အဘိုးကြီးကို ကန်ထုတ်ပစ်လိုက်စမ်းပါ၊ သူဟာကျွန်တော့်အတွက်တော့ အမှိုက်ပဲ၊ အိအချစ်ကို ကျွန်တော်ပဲ ရချင်တယ်"

"ဟင်း ဟင်း၊ သူကလည်း ရှင့်ကို အဲသလိုပြောတာပဲ၊ စာရူးပေရူးငချွတ်လေးကို ကျောခိုင်းပစ်လိုက်တဲ့၊ သူ့ကိုပဲ ရွေးချယ်ပါတဲ့"

"ဟင်' သူကများ ... ဘဲနာကြီး"

"ကဲပါ၊ အဲဒါအသာထား၊ ကျွန်မကို အိမ်အလည်ခေါ်လေဖူးမောင်မိသားစုဝင်တွေနဲ့မိတ်ဆက်ပေး"

"ဟင် ... တ တကယ်လား အိ"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပေါ့"

"ဒါ ဒါဆို ကျွန်တော့်အချစ်ကို လက်ခံတယ်ပေါ့"

"လက်ခံတယ်လို့မပြောပါဘူး၊ မိတ်ဆွေအနေနဲ့လိုက်လည်မှာ ဖူးမောင်မိဘတွေကို လက်ရှိအခြေအနေအတိုင်းပဲ ပြောပြထားပေ့ါ၊ ကျွန်မက ဖူးမောင်သဘောကျနေတဲ့မိန်းကလေးပါလို့ ဒါပေမယ့် ... ကျွန်မဆီက လက်ခံခေါင်းမညိတ်သေးဘူးဆိုတဲ့အကြောင်း အရှိအတိုင်းပြောပြထားပါ"

"ဘာဖြစ်လို့ အဲသလိုပြောရမှာလဲ"

"ကျွန်မ ရွေးတဲ့လူဟာ ရှင်မဟုတ်ဘဲ ကိုနေလည်း ဖြစ်နိုင်တာပဲလေ၊ အဲသလိုဖြစ်ရင် ရှင်ရောကျွန်မပါ ဂုဏ်သိက္ခာမထိခိုက်တော့ဘူးပေါ့"

"ဟင်း ... ခင်ဗျားကလည်း မဦးမချွတ်၊ ကျွန်တော် ဟိုဘိုးတော်ကို သွားသတ်မိတော့မယ် ... တောက်"



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၄)

နေနိုင်က အိနှင်းဆီအလိုကျ သူ့အိမ်ကို အလည်ခေါ်ကာ သူ့မိသားစုနှင့်တွေ့ဆုံမိတ်ဆက်ပေးခဲ့သည်။ သူ့ဘဝသက်တမ်း တစ်လျှောက်လုံး ပထမဆုံးချစ်ခဲ့မိသော မိန်းကလေးဆိုတော့ ဘာပဲ ဖြစ်ဖြစ် အမြန်ဆုံး လက်ထပ်ချင်သည်။

"အိနှင်းဆီ"

"ရှင်"

"ကိုယ်တို့ 'ကြိုးကြာနီ'ကို သွားပြီး လက်ဖက်ရည်သောက် ရအောင်၊ အဲဒီဆိုင်လေးက အရိပ်အာဝါသကောင်းပြီး အေးချမ်း တယ်၊ ပြီးတော့ အိနှင်းဆီရဲ့အိမ်လေးကိုလည်း လှမ်းမြင်နေရ တယ်"

"ဟုတ်"

www.burmeseclassic.com

www.burmeseclassic.com


ဒါလည်း ယောကျ်ားတစ်ယောက်၏ ဆွဲဆောင်မှုမာယာဟု ဆိုနိုင်ပေသည်။ နေရာပြောင်းလေးကိုရောက်တော့ အိနှင်းဆီ မျက်ဝန်းများ၌ ဝမ်းနည်းရိပ်တို့ထင်ဟပ်လာသည်။ မိဘအရိပ်ကို တမ်းတသော်လည်း ဖခင်နှင့်က ပြန်မဆုံနိုင်တော့သလို မိခင်ကလဲ သာသနာ့ဘောင်ကို အပြီးဝင်သွား၍ သံယောဇဉ်အပူတွေမပေးလိုတော့ပါ။ အားငယ်စိတ်ကိုဖျောက်၍ လောကအလယ်တစ်ယောက်တည်း ရင်ဆိုင်သွားရဦးမည်။

"အိနှင်းဆီ"

"ရှင်"

"ဘာတွေစဉ်းစားနေတာလဲ"

"ဘာရယ်မဟုတ်ပါဘူး၊ ဒီလိုပါပဲ"

"ကိုယ်ကတော့ မင်းရဲ့လိုင်စင်ခတ်ပုံလေးကို စတွေ့ပြီး မြင်မြင်ချင်းချစ်မိသွားတဲ့အကြောင်း စဉ်းစားနေတာ"

နေနိုင့်စကားကို အိနှင်းဆီက ပြုံးသည်။ သူမကို မြင်မြင်ချင်းချစ်မိသွားကြတဲ့ နေနိုင်နှင့်မော်ဖူးမောင်ဆိုသော ယောကျ်ားနှစ်ယောက်ကို အိနှင်းဆီကလည်း စိတ်လှုပ်ရှားပါသည်။

တစ်ယောက်ယောက်ကိုရွေးရမည်ဆိုသောအခါ တကယ့်ကို အရွေးရခက်လောက်အောင် နှစ်ယောက်စလုံးက အဆင်ပြေ၏။ သို့သော် ... ဘဝတစ်လျှောက်လုံး လက်တွဲသွားဖို့ဆိုတာ သူနှင့်ကိုယ်နှင့်နှစ်ယောက်တည်း သဘောကျနေရုံဖြင့် မပြီးပါ။

"အိနှင်းဆီ"

"ရှင်"

"ကိုယ်တို့လက်ထပ်ပြီးရင် ဒီအိမ်ကြီးမှာပဲနေကြမယ်၊


www.burmeseclassic.com

www.burmeseclassic.com



အိနှင်းဆီ ခေါင်းညိတ်လိုက်တာနဲ့ ဒီအိမ်ကြီးကို အသစ်ဆောက်တော့မယ်"

"ဟင်း ဟင်း ဟင်း ဟင်း"

"ဟိုကောင် တုတ်ကြီး၊ အဲ မော်ဖူးမောင်ကိုလည်း စိတ်အေးဘူး၊ ဒီကောင်လေးက အိနှင်းဆီကို အတင်းလိုက်ကပ်နေတာ၊ ကိုယ့်ကုမ္ပဏီကို ရအောင်ဝင်လာတာကိုက အိနှင်းဆီနဲ့နီးအောင် ဝင်လာတာပဲ"

နေနိုင့်စကားကြောင့် အိနှင်းဆီက ပြုံးလိုက်ပြန်သည်။ သူကိုယ်တိုင်ကရော အိနှင်းဆီနဲ့နီးအောင် အရည်အချင်းမပြည့်မီတဲ့ အိနှင်းဆီကို ပြန်ခေါ်ပြီး အလုပ်ခန့်၊ နောက်ကွယ်က ပံ့ပိုး၊ စားဖို့သောက်ဖို့ကအစ စီမံပေးခဲ့တာမဟုတ်လား။

"ကိုယ့်ကို မြန်မြန်အဖြေပေးလိုက်ပါ အိနှင်းဆီရယ်၊ ကိုယ် မင်းကို ပိုင်ဆိုင်ချင်ပြီ၊ မင်းရဲ့ခေါင်းထဲမှာ ကိုယ်ကလွဲလို့ ကျန်တာအားလုံးထုတ်ပစ်လိုက်"

ရယ်စရာမပါဘဲ အိနှင်းဆီ ခဏခဏရယ်မိနေသည်။

ဩော် ခက်ပဲခက်ရချည်ရဲ့။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

နေမင်းသည် အနောက်ဖက်သို့ အကြိမ်ကြိမ်အခါအခါ ဝင်သွားခဲ့ပြီးပြီ။ ဘယ်နှစ်ကြိမ်၊ ဘယ်နှစ်ခါမှန်းပင် မမှတ်မိတော့။ နေ့ရက်လတွေ ကုန်ဆုံးသွားတော့ လူတစ်ယောက်ချင်းစီရဲ့ဘဝ များကလည်း ပြောင်းလဲသူပြောင်းလဲသည်။ မပြောင်းလဲဘဲ ပုံမှန် အတိုင်းနေသူလည်းရှိသည်။

"ဟဲ့' ဖောင်းဖောင်း"

"ဟင်"

"တစ်မျိုးကြီးပဲ၊ တိတ်တိတ်ဆိတ်ဆိတ်ကြီး၊ တစ်ခုခုတော့ တစ်ခုခုပဲ"

"အဟင်း' ဘာတစ်ခုခုလဲ၊ ဆိုစမ်းပါဦး ဖွန့်ကြိုးရဲ့၊ နင် ဘယ်လိုထင်သလဲ"

www.burmeseclassic.com

www.burmeseclassic.com



"တုတ်ကြီးလည်းပျောက်နေတယ်၊ ဦးနေကြည့်ရတာလည်း ငြိမ်နေတယ်"

"ခစ် ... ငြိမ်မနေလို့ ကနေရမှာလား"

ဖွန်တိုးက တစ်ခုခုဆိုတာကြီးကို စဉ်းစားမရဘဲ ခေါင်းကို ဖြည်းဖြည်းရမ်းနေ၏။

"ဟော့ ... ဖွန်တိုးနဲ့အိနှင်းဆီ၊ ဘာတွေ တွတ်ထိုးနေကြတာလဲ"

"ဟုတ်တယ်၊ ငါလည်းမြင်တယ်၊ ဒီမှာ မအားသေးလို့ မပြောတာ စိတ်ဝင်စားတယ်"

သင်းယုလှိုင်နှင့်သီတာက အနားရောက်လာပြီး ခုံလွတ်တွေ ဆွဲယူထိုင်ရင်းပြောသည်။ သင်းယုလှိုင်က ...

"အိနှင်းဆီ၊ နင် သိပ်ကံကောင်းတာပဲနော်"

"ဘာကိုလဲ"

"အားလုံးပဲ ကံကောင်းတယ်"

"သင်းယုလှိုင်ပြောတာ ဟုတ်တယ်၊ ခုတောင် သူ့ဗွေး နှစ်ယောက်ဝိုင်းကြိုက်လို့ ရွေးရခက်နေတယ် မဟုတ်လား"

"ဖွန်တိုး၊ နင် အဲဒီကိစ္စမေးနေတာလား"

"မမေးရသေးဘူး ယုရဲ့၊ မေးမလို့ပဲ"

"အချိန်လေးငါးလဆို လုံလောက်ပါပြီ၊ နင် ရွေးပြီးပြီ မဟုတ်လား အိနှင်းဆီ"

"အင်း"

"ဝေး"

"စိတ်ဝင်စားစရာပဲ"



www.burmeseclassic.com

www.burmeseclassic.com


"ဘယ်သူလဲ' သူ့, ဘယ်သူလဲ"

မိန်းကလေးတစ်သိုက် ဆူညံသွား၍ ရုံးထဲမှာရှိတဲ့ ဝန်ထမ်းတချို့လှည့်ကြည့်ကြသည်။ မန်နေဂျာဦးစောလည်း အခန်းထဲက ထွက်လာကြည့်ပြီး စွပ်ကျယ်တံဆိပ်တွေရိုက်နေသော အနောက်ဖက်စက်ရုံဆီထွက်သွား၏။

"နှစ်ယောက်ထဲက တစ်ယောက်ပေါ့"

"ဟယ် ... အဲဒါတော့သိတာပေါ့"

""အေးလေ၊ နှစ်ယောက်လုံးယူလို့မှ မရတာ"

"ပြောပါတော့ဗျို့၊ သိချင်လှပြီ၊ ဒီမှာ ရင်တွေခုန်လို့"

သီတာ့စကားကြောင့် အားလုံးရယ်မိကြသည်။

အိနှင်းဆီက ...

"နင်တို့ဆို ဘယ်သူ့ရွေးမှာလဲ"

"အယ်"

"နှစ်ယောက်စလုံးက တစ်မျိုးစီအဆင်ပြေတာပဲ"

"မရွေးတတ်တော့ဘူး"

"ထားပါ၊ အဲသလိုရွေးရခက်လို့လည်း အချိန်ယူပြီး လေ့လာကြည့်ခဲ့တယ်၊ မိသားစုတွေနဲ့ပါ ထိတွေ့ဆက်ဆံတယ်၊ အဲဒီမှာ ဘာတွေ့လဲဆိုတော့ ..."

အားလုံးငြိမ်သက်ပြီး စိတ်ဝင်တစားနားထောင်နေကြ၏။ အိနှင်းဆီက ဘာကိုတွေ့သွားပါလိမ့်။

"တို့က တစ်ကောင်ကြွက်တစ်မျက်နှာလေ၊ ဒီတော့ ... နွေးထွေးတဲ့မိသားစု၊ ကိုယ့်ကို ပိုနှစ်သက်ကြည်ဖြူပြီး လှိုက်လှိုက်လှဲလှဲကြိုဆိုတဲ့မိသားစုရှိတဲ့သူကိုပဲ ရွေးချယ်ခဲ့တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com


"ဝါး"

"ဝေး"

"ဒါ သိပ်မှန်တယ်"

"ပြီးတော့ ကိုယ်နဲ့စိတ်တူကိုယ်တူ သဘောထားချင်း တိုက်ဆိုင်သူ၊ နားလည်ပေးနိုင်သူဖြစ်တယ်"

"ပြောပါတော့"

"သူ ဘယ်သူလဲ"

"ကျန်ခဲ့တဲ့တစ်ယောက်ကတော့ သနားစရာ"

"မတတ်နိုင်ဘူးလေ၊ အဲဒီ ကျန်ခဲ့တဲ့တစ်ယောက်ရဲ့ မိသားစုက တို့အပေါ် နွေးထွေးလှိုက်လှဲစွာ မကြိုဆိုဘူး၊ မတူမတန် သဘောထားတယ်၊ သူတို့သားနဲ့ သဘောမတူချင်ကြဘူး၊ နောက်တစ်ယောက်ရဲ့မိသားစုက နွေးထွေးလှိုက်လှဲစွာနဲ့ ကြိုဆိုလက်ကမ်းကြတယ်၊ သူတို့သားသဘောကျသူဟာ သူတို့သဘောကျသူပဲ၊ သားသမီးလို ဆက်ဆံတယ်၊ တစ်ကောင်ကြွက်ဖြစ်တဲ့ တို့ကို ပိုပြီးဂရုဏာသက်သလို၊ ကြင်နာသနားကြတယ်၊ တို့ လိုချင်တာ အဲသလို မိသားစုမျိုးပဲ၊ အဲဒီမိသားစုကသားကို တို့ ရွေးချယ်လိုက်တာပဲ"

"ဟုတ်ပါပြီ၊ အဲဒါ ဘယ်သူလဲလို့"

"ကံထူးရှင် ပြောပါ"

"သိချင်လှပြီနော်"

အိနှင်းဆီက တမင်ကို အချိန်ဆွဲပြီး ရေတစ်ခွက်ထသောက်လိုက်သေးသည်။ အားလုံးရဲ့မျက်လုံးများက သူ သွားရာနောက် ပါလာကြ၏။



www.burmeseclassic.com

www.burmeseclassic.com



အိနှင်းဆီက ရေကို ဖြည်းဖြည်းချင်းသောက်သည်။ ခွက်ကို ဖြည်းဖြည်းလေးပြန်ထားသည်။ ပြီးတော့ စားပွဲရှိရာကို ခပ်ဖြည်းဖြည်း ပြန်လျှောက်လာပြီး ခုံပေါ်မေးထောက်လိုက်က ...



www.burmeseclassic.com

www.burmeseclassic.com


မပြောင်းလဲတဲ့ ကောင်းကင်ကြီးကတော့ နွေးထွေးတဲ့ နေရောင်ခြည်ကို လောကဆီ အမြဲပို့လွှတ်နေတာပါပဲ။

ဒါပေမယ့် ... နွေးထွေးမှုကို ခံစားရသူမှ ခံစားရသည်။ မခံစားရသူက မခံစားရပါ။

အဲဒါက ... သူ့ကုသိုလ်နဲ့ သူပါပဲ။

ကံကြမ္မာက မျက်နှာလိုက်တာမှ မဟုတ်တာ။


www.burmeseclassic.com

www.burmeseclassic.com

# နိဂုံး

အရာရာ နေသားတကျပြန်ဖြစ်ဖို့ အချိန်တော့ နည်းနည်းလိုလိမ့်မည်။ ပြီးဆုံးသွားသောအတိတ်သည် သူ့တို့အတွက် အကောင်းအတိုင်း ကျန်ရစ်ရန် ခဲယဉ်းပါသည်။ ဒဏ်ရာမရှိတောင် အမာရွတ်ကျန်သူကျန်မည်၊ စိတ်မကောင်း ဖြစ်ကျန်သူကျန်မည်၊ ပျော်ရွှင်ကျေနပ်သူကျန်မည်။ ဝမ်းနည်းကြေကွဲဖြစ်ကျန်သူကျန်မည်။

မည်သို့ပင်ဖြစ်စေ အချိန်တန်တော့ ကိုယ့်လမ်းကိုယ်၊ သူ့လမ်းသူ ဆက်လျှောက်ကြရှုံသာ ရှိ၏။

အခုတော့ ...

အရာအားလုံး အဆုံးသတ်သွားခဲ့ပြီ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

## နှောက်ဆက်တွဲ (က)

ဒီအိမ်ကြီးက သူ့အတွက် ဘာအဓိပ္ပါယ်မှမရှိတော့ပေ။ အဲဒီအတွက် ကောင်မလေးကိုပဲ နဂိုဝယ်ဈေးအတိုင်း ပြန်ရောင်းလိုက်သည်။ လူ့စိတ်ဆိုတာ ကိုယ်က ဖမ်းဆုပ်ထားလို့မှ မရတာ။

"မင်းက မိန်းမကံပါမလာဘူးထင်တယ် နေနိုင်"

"ဟုတ်တယ်၊ ဟုတ်တယ်"

"ပဋ္ဌာန်းလေးဘာလေးရွတ်ပေးကွာ နေနိုင်"

သူ့ကို စိတ်ပြေအောင် သူငယ်ချင်းတွေက ရယ်စရာအေရာတွေနှင့်ပေါ့ပေါ့ပါးပါးပြောကြ၏။ အသည်းကွဲနေချိန်မှာ ဘာတွေပဲပြောပြောပျော်လို့မရပါ။ သူ့ပုံစံက အိကြာကွေးလှည့်နေ

www.burmeseclassic.com

www.burmeseclassic.com



ထားသလို ရှုံ့တွတွ၊ တွန့်လိမ်လိမ်ဖြစ်နေသည်။

"မိန်းမတွေက နားလည်ရခက်တယ်ကွ"

"အေးလေ"

"ထားလိုက်ပါတော့ နောက်ထပ်သွားဆွေးနွေးလည်း ကျူးမှ မဟုတ်တာ"

သူတို့အားလုံး တိတ်ဆိတ်သွားကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

# နောက်ဆက်တွဲ (ခ)

"မင်းက ပြေးရင်းလွှားရင်း ချေးပုံပဟာပ်မိတာပဲ တုတ်ကြီး"

"မင်းပြောတာနဲ့ အိန္ဒင်းဆီက ချေးပုံဖြစ်ရော"

ဖြိုးမောင်နှင့်သားကြီးက တအံ့တသြဖြစ်နေကြသည်။ သူက မိန်းမလှလေးကို လက်ဝယ်ပိုင်ပိုင်ရရှိတော့မှာမဟုတ်လား။

"မင်းအခု ဘယ်လိုခံစားနေရလဲ တုတ်ကြီး"

"ဟာ' ပျော်နေမှာပေါ့ လင်းလင်းရ၊ မင်းကလဲ"

"မဟုတ်ဖူး ဖြိုးမောင်၊ ရိုးရိုးပျော်ရုံတင်ကမှာမဟုတ်ဖူး အဲဒါကြောင့် ခြေခြေမြစ်မြစ်မေးတာ"

"ကဲ ... ပြောပြလိုက်စမ်းပါ တုတ်ကြီးရာ"

"ဒီလိုကွ ... အဟမ်း"

"အောင်မလေး ... အိုက်တင်ခံနေပြန်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုခံစားရလဲဆိုတော့ အင်း ... ဒယ်အိုးထဲမှာလှော်နေတဲ့မြေပဲပူပူတစ်စေ့ ခုန်ထွက်ပြီး ဘောင်းဘီမျှော့ကြိုးချောင်နေတာ ဆွဲလိုက်စေ့လိုက်လုပ်နေတုန်း အတွင်းထဲဝင်သွားတဲ့အခါ အဲသလိုခံစားချက်မျိုး"

"ဟာ ... သေတော့မှာပဲ"

"ခုန်ဆွ ခုန်ဆွဖြစ်ရုံမကဘူး၊ ဂျွန်းသပြန်လန်ခုန်ပေါက်လောက်အောင်ဖြစ်သွားတဲ့ထိပျော်တယ်"

"မင်းကွာ"

www.burmeseclassic.com

www.burmeseclassic.com

# နောက်ဆက်တွဲ (ဂ)

အဲဒီအချိန်မှာပဲ ချစ်သူကောင်မလေးက သစ်ရွက်ကလေး ရုပ်တိုက်လွင့်လာသလို အနားကိုရောက်လာသည်။

"ဖူးမောင်"

"အောင်မလေး၊ ပလုတ်တုတ်"

အနားကပ်ခေါ်လိုက်တာကြောင့် မော်ဖူးမောင်လန့်သွား ရလေ၏။

"ခစ်"

ယောကျ်ားကြီးတွေ လန့်လျှင် အတော်ပဲရယ်စရာကောင်း ပါသည်။

"သွားကြမယ် ဖူးမောင်"

"ဟီး ... သွားမယ်နော် ဟော့ကောင်တွေ"

www.burmeseclassic.com

www.burmeseclassic.com



ချစ်သူနှင့်တွဲလျှောက်တဲ့လမ်းကလေးက သာယာလှပလို့နေသည်။

"ခုမှ ဘာဟီနေတာလဲ၊ ဟွန်း ... ပျောက်တုန်းကတော့ ပျောက်နေပြီးတော့"

"ဩော် ... အိရယ်၊ ဘယ်သူ့ရွေးမှန်းမသိတော့ ကျွန်တော်က ကြောက်ပြီးပြေးတာပါ"

"ဟွန့်"

"ခုတော့လည်း ဘိုးတော်လေး သနားပါတယ်"

"အံမယ်၊ သနားရင် ရှင်နောက်ဆုတ်လိုက်"

"အဲ အဲ၊ ဒါတော့မလုပ်ပါနဲ့ အိရယ်၊ ချစ်ဖို့ အဆင်သင့်မဖြစ်သေးပါဘူးလို့ နှလုံးသားက ကြေညာထားရဲ့နဲ့အိကို ချစ်ခဲ့မိတာ ... ကျွန်တော့်နှလုံးသားကို ဖုန်ထအောင်မလုပ်ပါနဲ့"

www.burmeseclassic.com

www.burmeseclassic.com


# နောက်ဆက်တွဲ (ဃ)

"ဟော့ တုတ်ကြီး၊ ဘယ်လိုလဲ"
"ဟဲ ဟဲ၊ ဒီလိုပဲ"
သူက အိနှင်းဆီကို လက်မနှင့်ညွှန်ပြရင်းဖြေသည်။
"ဩော် ... အဲသလိုပဲလား"
မေးတဲ့သူ သဘောပေါက်သွား၏။
"ဟော့ တုတ်ကြီး၊ ဘယ်တော့လဲ"
သူက အိနှင်းဆီကို လက်မနှင့်ထိုးပြကာ ...
"သူ့သဘောပဲ"

မေတ္တာများစွာဖြင့်
ထူးမြတ်ကြယ်


www.burmeseclassic.com

www.burmeseclassic.com

# ထူးမြတ်ကြယ်

## ထွက်ရှိပြီးသော လုံးချင်းဝတ္ထုများ

၁။ ထိရျက်ပြင်းတဲ့မြား
၂။ ပန်းနားလည်တဲ့လိပ်ပြာတေး
၃။ ပန်းပွင့်လမင်း (Power King) ဗွီဒီယို
၄။ ဆွဲလက် (Power King) ဗွီဒီယို
၅။ အလင်းသစ်နဲ့ ကောင်းကင်နှစ်
၆။ အချစ်ကယ် (Power King) ဗွီဒီယို
၇။ ရင်ခုန်ထူးခြား (Power King) ဗွီဒီယို
၈။ မမီမကမ်းနဲ့ မလွမ်းချင်ဘူး
၉။ ဖွ ... ဟဲ့
၁၀။ နှလုံးသားချင်းဆိုင်
၁၁။ ကြောင်ခြစ်တဲ့ဖူးစာ
၁၂။ နင်နဲ့ငါ (Power King) ဗွီဒီယို
၁၃။ ကံ
၁၄။ ဟုတ်

www.burmeseclassic.com

www.burmeseclassic.com

၁၅။ အချစ်ရှာ (အောင်တိုင်းကျော်) ဗွီဒီယို

၁၆။ အလင်းရောင်ရဲ့ကျွန်း

၁၇။ ဇန်ဆင်းရိုပ်

၁၈။ ဝွစာ

၁၉။ ချစ်ရတာ အဆင်ပြေလား

၂၀။ ဗလာမပါ ချစ်ကာံစမ်းမဲ (လပ်ကီးပယေ့) ဗွီဒီယို

၂၁။ ချစ်လက်စုပ်

၂၂။ အလွမ်းလား နားထား

## ယခုလ

၂၃။ နှစ်သက်နှင်းဆီ

www.burmeseclassic.com